# ခေတ်ပြိုင်

## သတင်းလွှာ




အတွဲ(၄)၊အမှတ်(၃၂)။ ၂၀၁၀ ခုနှစ်၊ဇူလိုင်လ(၂၃)ရက်၊သောကြာနေ့

# ပြည်တွင်းသတင်း

## မကွေးအက်ဖ်စီဗိုင်းရပ်စ်သတ်နိုင်တဲ့ ဆော့ဖ်ဝဲလ်အခမဲ့ ရယူနိုင်

ယခုလဆန်း ၁ရက်နေ့က စတင်ပြီးဆိုးဆိုးရွားရွားကူးစက်ပျံ့နှံ့နေတဲ့ မကွေးအက်ဖ်စီကွန်ပျူတာဗိုင်းရပ်စ်ကို ရှင်းလင်း နိုင်မယ့် ဆော့ဖ်ဝဲလ်တစ်မျိုး http://okviruscleaner.ning.com မှာ အခမဲ့ ဒေါင်းလုပ်ဒ် (download) ရယူနိုင်ပြီလို့သိရပါတယ်။ MGY လို့လည်း သိကြတဲ့ Magway FC ဗိုင်းရပ်စ်ကို ပြီးခဲ့တဲ့နှစ်၊ဒီဇင်ဘာလကတည်း ကစင်ကာပူနိုင်ငံမှာ စတင်တွေ့ရှိခဲ့ပေမဲ့တိုက်ခိုက်မှု၊ ထိခိုက်မှုမရှိခဲ့ဘဲ ယခုနှစ်ဇူလိုင် ၁ရက်နေ့ရောက်မှ သာ ကွန်ပျူတာအများအပြားတစ်ပြိုင်နက်တိုက်ခိုက်လာတာဖြစ်ပါတယ်။ သည် ဗိုင်းရပ်စ်အကြောင်းကိုနိုင်ငံခြားက antivirus ကုမ္ပဏီတစ်ခုဖြစ်တဲ့ Prevx ကစတင်သိရှိခဲ့ပြီးသူရဲ့ ဝက်ဘ်ဆိုက် http://www.prevx.com/filenames/2179818813015117709-X1/MGY.EXE.html မှာရှင်းဖို့ထုတ်ပေးထားပေမဲ့ ဒေါ်လာနဲ့ဝယ်သုံးရမယ်လို့သိရတယ်။ ဒါ့အပြင် သာမန် user တွေအနေနဲ့ လိုက်လုပ်ဖို့မလွယ်ဘဲ Technician ရဲ့အကူအညီရမှသာ အဆင်ပြေနိုင်တယ်လို့ဆိုပါတယ်။ 'အခုအစ်ကိုလုပ်တဲ့ ဖြေရှင်းနည်းက process ရပ်ပြီးတာနဲ့ cleaner ကို run ပေးလိုက်ရုံ၊ ဆယ်မိနစ်လောက်ပဲကြာတယ်၊ အဆင့်အများကြီးမလိုဘူး၊ cleaner ကို double click နှိပ်ရုံလုပ်ပေးထားတာပါ'လို့ အိုကေဗိုင်းရပ်စ်ကလင်နာမှ ကိုစိုးမင်းသူကပြောပါတယ်။ အရင်က MGY ဝင်ရင် ၅ဖိုင်ဝင်ပြီး mgy.exe.smss.exe ၊ csrss.exe ဖိုင်တွေသာ process အနေနဲ့ အလုပ်လုပ်ပြီး ထင်ရှားတဲ့ effect အနေနဲ့လည်း Magway FC လိုဂိုလေး taskbar ညာဘက်ထောင့်နားမှာတစ်ခါတစ်ရံမှသာ ပေါ်လာတတ်ပါတယ်။ အခုလဆန်းပိုင်းမှာတော့ကျန်ရှိနေတဲ့ isass.exe, icserv.exe ဖိုင်တွေပါ အလုပ်လုပ်လာပြီးဆိုကျိုးနဲ့ effect တွေအလွန်အန္တရာယ်ရှိလာတယ်လို့သိရပါတယ်။ ဗိုင်းရပ်စ်ဝင်ရောက်တဲ့ အခါ အချိန်မဆွဲဘဲအမြန်ဆုံးရှင်းလင်းတာ၊ ကိုယ်တိုင်မလုပ်တတ်ရင် technician တွေနဲ့ ပြသတာတွေပြုလုပ်သင့်တယ်လို့ ဆိုကြပါတယ်။ ဗိုင်းရပ်စ်မရှင်းရသေးခင်ဗိုင်းရပ်စ်ဝင်ရောက် ခံနေရတဲ့ ကွန်ပျူတာကို ဖွင့်မထားသင့်ဘဲကွန်ပျူတာဖွင့်ထားတဲ့ အချိန်ကြာလာတာနဲ့အမျှ system နဲ့ file တွေ ပျက်စီးမှုပိုများနိုင်တယ်လို့သိရတယ်။ လက်ရှိ အခြေအနေမှာဗိုင်းရပ်စ်နဲ့ virus effect တွေကို ရှင်းလင်းနိုင်ပေမဲ့ ပျက်စီးသွားတဲ့ဖိုင်တွေကို ပြန်လည်ရယူဖို့မလွယ်ကူသေးဘူးလို့သိရကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်၁၆ရက်နေ့ထုတ် မော်ဒန်ဂျာနယ်တွင်ဖော်ပြထားပါသည်။

## မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်က နိုင်ငံတော်စီမံချက် အထူးချေးငွေ ထုတ်ချေးပေးမည်

မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်က ပုံမှန်ချေးငွေများအပြင် နိုင်ငံတော်စီမံချက်အရ အထူးချေးငွေများကိုလည်း ထုတ်ချေးမည်ဖြစ်ကြောင်း သိရသည်။ "မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်အနေနဲ့ ကဏ္ဍအမျိုးမျိုးအတွက် ချေးငွေတွေထုတ်ချေးပေးနေပါတယ်။ ရံဖန်ရံခါမှာ နိုင်ငံတော်က သတ်မှတ်ချေးခိုင်းတဲ့ အထူးချေးငွေတွေလဲချေးပေးပါတယ်။ ဥပမာ - စီအင်န်ဂျီအထူးချေးငွေတို့၊ နာဂစ်တုန်းကပျက်စီးသွားတဲ့ ဆားလုပ်ငန်းတွေပြန်လည်ထူထောင်ဖို့အတွက် ဆားအထူးချေးငွေတို့ ချေးခဲ့ဖူးပါတယ်။ အခုအကြိမ်မှာလဲ နိုင်ငံတော်စီမံချက် တစ်ရပ်အနေနဲ့ ငွေထုတ်ချေးပေးသွားမယ်။ ချေးရမယ့် ပမာဏကို သတ်မှတ်ထားခြင်းမရှိပေမယ့် ပမာဏကကြီးမယ်။ ချေးမယ့်လုပ်ငန်းရှင်ရဲ့ အာမခံထားရှိနိုင်မှု ပမာဏကိုကြည့်ပြီး ချေးပေးသွားဖို့ရှိပါတယ်"ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။ အဆိုပါဘဏ်အနေဖြင့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းအမျိုးအစားငါးခုတို့အတွက် ချေးငွေကျပ်သန်းပေါင်း ၃၅၀၀၀ခန့် ထုတ်ချေးခဲ့ကာ ယင်းလုပ်ငန်းများတွင် စက်မှုလုပ်ငန်းအတွက် ၄၃ ဒသမ ၁ရာခိုင်နှုန်း၊ ကုန်သွယ်မှုလုပ်ငန်းအတွက် ၂၆ ဒသမ ၅၁ရာခိုင်နှုန်း၊ ဝန်ဆောင်မှုလုပ်ငန်းအတွက် ၂၀ ဒသမ ၅၆ရာခိုင်နှုန်း၊ သယ်ယူပို့ဆောင်မှုလုပ်ငန်းအတွက် ၂ ဒသမ ၅၄ရာခိုင်နှုန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းအတွက် ၇ ဒသမ ၂၉ရာခိုင်နှုန်းအသီးသီးဖြင့် ထုတ်ချေးခဲ့ကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၂၂ရက်နေ့ထုတ် ရန်ကုန်တိုင်း(မ်)ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မြန်မာသံရုံးများရှိရာ နိုင်ငံများတွင် မြန်မာနိုင်ငံကူးလက်မှတ် သက်တမ်းတိုးခြင်းကို ပြန်လည်ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း သိရ

မြန်မာသံရုံးများ ဖွင့်လှစ်ထားရာ နိုင်ငံအသီးသီးတွင် မြန်မာနိုင်ငံကူး လက်မှတ်များအား သက်တမ်းတိုးခြင်း ကိစ္စရပ်များကို ပြီးခဲ့သည့် မေလမှစတင်ကာပြန်လည်ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့က စက်ဖြင့်ဖတ်ရှုစစ်ဆေးနိုင်သောဘားကုတ်စနစ်သုံးမြန်မာနိုင်ငံကူးလက်မှတ် Machine Readable Passport MRP များကို ထုတ်ပေးသွားရန်ရှိသဖြင့် နိုင်ငံခြားရေး ဝန်ကြီးဌာန၏ ညွှန်ကြားချက်ဖြင့် ၂၀၁၀ ပြည့်နှစ် ဧပြီလမှစတင်ကာ မြန်မာသံရုံးများ ဖွင့်လှစ်ထားရာ နိုင်ငံများတွင် မြန်မာနိုင်ငံကူးလက်မှတ် အသစ်ထုတ်ပေးခြင်းနှင့် မြန်မာနိုင်ငံကူးလက်မှတ်များ သက်တမ်းတိုးပေးခြင်းတို့ကို ခေတ္တရပ်ဆိုင်း ထားခဲ့ခြင်းဖြစ်သည်ဟုသိရသည်။ မြန်မာနိုင်ငံရှိ နိုင်ငံကူးလက်မှတ်များ ထုတ်ပေးရေးအဖွဲ့မှ စက်ဖြင့် ဖတ်ရှုနိုင်သည့် ဘားကုတ်စနစ်သုံး နိုင်ငံကူးလက်မှတ်သစ်များကို ၂၀၁၀ ပြည့်နှစ် မတ်လမှ စတင်ထုတ်ပေးနိုင်ခဲ့ပြီး၊ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့် မန္တလေးအပြည် ပြည်ဆိုင်ရာ လေဆိပ်တို့တွင် ဘားကုတ်စနစ်သုံး နိုင်ငံကူးလက်မှတ်များကို စစ်ဆေးနိုင်သည့် စက်များ တပ်ဆင်ထားပြီး ဖြစ်သည်ဟုလည်း သိရသည်။ မြန်မာနိုင်ငံသည် နိုင်ငံပေါင်း ၉၂ နိုင်ငံနှင့် သံတမန်ဆက်သွယ်ထားပြီး နှစ်နိုင်ငံသံတမန် အပြန်အလှန်ဆက်သွယ်၍ သံအမတ်ကြီး ခန့်အပ်ထားရှိသော မြန်မာသံရုံး ၃၀ ရှိကြောင်း သိရသည်။ အဆိုပါ မြန်မာသံရုံးများမှ ပြည်ဝင်ခွင့်ဗီဇာ ထုတ်ပေး ခြင်း၊ နိုင်ငံကူးလက်မှတ်အသစ် ထုတ်ပေးခြင်းနှင့် သက်တမ်းတိုးမြှင့်ခြင်း တို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၂၁ရက်နေ့ထုတ် Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ဝင်းသူဇာအရောင်းဆိုင်များကိုလည်း ပုဂ္ဂလိကသို့လွှဲပြောင်း

စက်မှု (၁) ဝန်ကြီးဌာနမှ ၎င်း၏လက်အောက်ရှိ ဝင်းသူဇာအရောင်းဆိုင်များအားလုံးကို ပုဂ္ဂလိကသို့ ဆက်လက်လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်း နေပြည်တော်ရှိ ယင်းဝန်ကြီးဌာန၊ ရောင်းဝယ်ရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ စက်မှု (၁) ဝန်ကြီးဌာနအနေဖြင့် ဝင်းသူဇာအရောင်းဆိုင်များကို ပြီးခဲ့သည့် ၂၀၀၉ ခုနှစ်မှစတင်ကာ ပုဂ္ဂလိကသို့ လွှဲပြောင်းပေးခဲ့ခြင်းဖြစ်ပြီး ယခုလက်ရှိအချိန်အထိ ဝင်းသူဇာအရောင်းဆိုင် ၁၃ဆိုင်ကို ပုဂ္ဂလိကသို့ လွှဲပြောင်းပေးပြီးဖြစ်ကြောင်း သတင်းရရှိသည်။ အဆိုပါ ဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော ရန်ကုန်အပါအဝင် တစ်နိုင်ငံလုံးရှိ ဝင်းသူဇာအရောင်းဆိုင်အားလုံးကို ပုဂ္ဂလိကသို့ လွှဲပြောင်းရောင်းချသွားမည်ဖြစ်ပြီး တစ်နိုင်ငံလုံးရှိ ဝင်းသူဇာအရောင်းဆိုင် ၈၀အနက် ၁၃ဆိုင်ကို တစ်နှစ်ကျော်ကာလအတွင်း လွှဲပြောင်းပေးခဲ့ပြီးဖြစ်ကြောင်းသိရသည်။ " ပုဂ္ဂလိကကိုဝင်းသူဇာအရောင်းဆိုင်တွေအားလုံးလွှဲပြောင်းပေးသွားမှာပါ။ပုဂ္ဂလိကလိုရင်လိုသလိုကျွန်တော်တို့ ညှိနှိုင်းပြီး ချထားပေးသွားမှာပါ။ အဓိကက အစိုးရနဲ့ ပုဂ္ဂလိက ပူးပေါင်းတဲ့သဘောပါပဲ။ ပြီးတော့ အစိုးရကပဲ အားလုံးကို ချုပ်ကိုင်ထားတာမျိုးမဖြစ်အောင် ပုဂ္ဂလိကကို လွှဲပေးတာပါ" ဟု ၎င်းကဆက်လက်ပြောကြားကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၂၂ရက်နေ့ထုတ် 7 Day News ဂျာနယ်တွင် ဖော်ပြထားပါသည်။

# ပြည်တွင်းသတင်း မှ အဆက်

## ပုဂ္ဂလိကဘဏ်သစ်လေးခုတွင် ဘဏ်တစ်ခုလျှင် ကျပ် ၁၀ဘီလီယံဖြင့် စတင်မတည်ရန်သတ်မှတ် ပုဂ္ဂလိကဘဏ်များ ချမှတ်ထားသည့်စည်းကမ်းအရ ဘဏ်တည်ထောင်သူပိုင်ဆိုင်သည့်လုပ်ငန်းများသို့ ငွေထုတ်ချေးခြင်းမပြုရ

ဖွင့်လှစ်ရန် ပြင်ဆင်နေသည့် ပုဂ္ဂလိက ဘဏ်သစ်များအနေဖြင့် ဘဏ်တစ်ခုလျှင် ဘဏ်မတည်ငွေအဖြစ် ငွေကျပ် ၁၀ ဘီလီယံဖြင့်စတင်ရန် သတ်မှတ်ထားကြောင်းနှင့် ဗဟိုဘဏ်မှချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများအရ ပုဂ္ဂလိကဘဏ် တည်ထောင်သူများအနေဖြင့်မိမိတို့ပိုင်ဆိုင်လုပ်ကိုင်သည့်လုပ်ငန်းများသို့ကိုယ်တည်ထောင်သည့်ဘဏ်မှ ငွေထုတ်ချေးခြင်းမပြုရကြောင်း ငွေကြေးနှင့် ဘဏ်လုပ်ငန်း အသိုင်းအဝိုင်းမှ စုံစမ်းသိရှိရပါသည်။ မြန်မာနိုင်ငံတွင် ၁၉၉၂ ခုနှစ် မှစ၍ ပုဂ္ဂလိကဘဏ်များ ဖွင့်လှစ်ခဲ့ပြီး အဆိုပါဘဏ်များ ဖွင့်လှစ်စဉ်ကမူ ၁၉၉၀ ပြည့်နှစ် မြန်မာနိုင်ငံငွေကြေးဆိုင်ရာအဖွဲ့အစည်းများဥပဒေပါအတိုင်း ဘဏ်မတည်ငွေကို သတ်မှတ်ပေးခဲ့ခြင်းဖြစ်ကြောင်းနှင့် နှစ်အလိုက် ဖြစ်ပေါ်လာသည့် ငွေကြေးလည်ပတ်စီးဆင်းမှုနှင့် ကိုက်ညီစေရန် အရင်းအနှီးမြှင့်တင်လိုသည့် ဘဏ်အချို့ကို မတည်ငွေပမာဏ တိုးမြှင့်ခွင့်ပြုခဲ့ကြောင်း သိရသည်။ ယခုမတည်ရမည့်ငွေကျပ် ၁၀ ဘီလီယံမှာ ယခင်မတည်ရန် သတ်မှတ်ထားသည့် ငွေကျပ်သိန်း ၁၅၀ ဖြင့် နှိုင်းယှဉ်လျှင် များစွာကွာဟသည်ဟု ဆိုနိုင်သော်လည်းလက်ရှိကာလ ငွေကြေးလည်ပတ်စီးဆင်းမှုနှင့်တွက်ချက်ကာယခုကဲ့သို့ သတ်မှတ်ထားခြင်း ဖြစ်သည်ဟုလည်း သိရသည်။ ဘဏ်သစ်လေးခု တည်ထောင်မည် ဖြစ်သည့်အတွက် စုစုပေါင်းကျပ် ဘီလီယံ ၄၀ အထိ မတည်ငွေအဖြစ် သုံးစွဲရမည်ဖြစ်ကြောင်းနှင့် ဘဏ်များအနေဖြင့် ငွေပို့ငွေလွှဲကဲ့သို့သော လတ်တလော ဝင်ငွေရရှိမှု မြန်ဆန်သည့် အပိုင်းများဖြင့် စတင်ဖွယ်ရှိကြောင်း သိရသည်။ ဗဟိုဘဏ်မှ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းနှင့် ဥပဒေများအရ ဘဏ်မတည်ငွေပမာဏ၏ ၁၀ ဆ အထိသာ အပ်ငွေလက်ခံရမည်ဖြစ်ရာ ဘဏ်သစ်တစ်ခုလျှင် ကျပ် ၁၀၀ ဘီလီယံ အထိ လက်ခံနိုင်မည်ဖြစ်ကြောင်း သိရသည်။"ဗဟိုဘဏ်က သတ်မှတ်ပေးထားတဲ့ အတိုးနှုန်းကတော့ ချေးငွေ ဆို ၁၇ ရာခိုင်နှုန်း၊ အပ်ငွေက ၁၂ ရာခိုင်နှုန်းနဲ့ အရင်အတိုင်း မပြောင်းလဲပါဘူး။ ပုဂ္ဂလိက ဘဏ်တွေ အနေနဲ့ကတော့ ဗဟိုဘဏ်က သတ်မှတ်ထားတဲ့ အပ်ငွေနဲ့ချေးငွေ အတိုးနှုန်းပေါ်မှာတော့ ၆ ရာခိုင်နှုန်း ထပ်ပေါင်းထည့်ခွင့်ရှိတယ်။ အတိုးနှုန်းကတော့ ဘဏ်တစ်ခုနဲ့တစ်ခု ကွဲလွဲနိုင်ပါတယ်။ အခု နေပြည်တော်မှာတော့ ဘဏ်သစ်တွေစပြီး တည်ဆောက်နေတယ်။ ဩဂုတ်လဆန်းမှာ စဖွင့်မယ်။ ရန်ကုန်မှာတော့ ဘဏ်တည်ထောင်ခွင့်ရထားတဲ့ ကုမ္ပဏီတွေအနေနဲ့ ကိုယ့်ရုံးချုပ်တွေမှာပဲ ဖွင့်မယ့်သူရှိသလို နေရာသစ်မှာ ဖွင့်မယ့်သူလဲရှိတယ်။ သိရသလောက်တော့ မက်စ်မြန်မာနဲ့ ထူးကတော့ ရုံးချုပ်တွေမှာ ဖွင့်လှစ်မယ်လို့ သိထားရပါတယ် " ဟု ဘဏ်ဖွင့်လှစ်ရန်ပြင်ဆင်နေသူတစ်ဦးက ရှင်းပြခဲ့သည်။ ဗဟိုဘဏ်သည် အခါအားလျော်စွာ ဘဏ်များနှင့်ငွေရေးကြေးရေး အဖွဲ့အစည်းများအား ယင်းတို့၏ အပ်ငွေများနှင့် အလားတူပေးရန် တာဝန်များအတွက် သီးသန့်ငွေများနှင့် သတ်မှတ်ထားသော ငွေဖြစ်လွယ်သည့် ရရန်ပိုင်ခွင့်များကို သီးသန့်ငွေများအား ငွေသားဖြင့်ဖြစ်စေ၊ ဗဟိုဘဏ်ရှိ အပ်ငွေများဖြင့်ဖြစ်စေ၊ ယင်းနှစ်ရပ်ပေါင်းဖြင့်ဖြစ်စေ ဗဟိုဘဏ်က အခါအားလျော်စွာ သတ်မှတ်သည့် အချိုးအစားအတိုင်း ထားရှိရမည်ဖြစ်ကြောင်း၊ ငွေဖြစ်လွယ်သော ရရန်ပိုင်ခွင့်များတွင် ဗဟိုဘဏ်က သတ်မှတ်သည့် အမျိုးအစားနှင့် ပမာဏအလိုက် ပေါင်နှံထားခြင်း (သို့မဟုတ်) တောင်းခံပိုင်ခွင့်တို့မှ ကင်းရှင်း၍ လွတ်လပ်စွာလွှဲပြောင်းပေးနိုင်သော ရရန်ပိုင်ခွင့်များ ပါဝင်ရမည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ်ဇူလိုင်လ၂၁ရက်နေ့ထုတ် Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ကမ္ဘာတစ်ဝန်းတွင် အွန်လိုင်း DOS စနစ်ဖြင့် တိုက်ခိုက်မှုများကို ရင်ဆိုင်လာရသည်နှင့်အမျှ ပြည်တွင်း၌လည်း ရင်ဆိုင်လာရ

ကမ္ဘာတစ်ဝန်းတွင် အွန်လိုင်းDOS သို့မဟုတ် DDOS (Distributed Denial of Service) တိုက်ခိုက်မှုများကို ရင်ဆိုင်လာရသည်နှင့်အမျှ ပြည်တွင်း၌လည်း ရင်ဆိုင်ဖြေရှင်းလာရကြောင်း သိရသည်။ ယင်းတိုက်ခိုက်မှု များမှာ ကွန်ပျူတာကွန်ရက်နှင့် သက်ဆိုင်ရာအဖွဲ့အစည်း၊ ကုမ္ပဏီများမှ ပေးထားသော ဝန်ဆောင်မှုများကို နှောင့်ယှက်ဖျက်ဆီးခြင်းဖြစ်ပြီး ဆိုက်ဘာလုံခြုံရေးကို ချိုးဖောက်ခြင်းလည်း ဖြစ်ကြောင်း သိရသည်။ တိုက်ခိုက်သူများ အသုံးပြုသော နည်းလမ်းမှာ ဆာဗာနှင့်ကွန်ရက်၏ Bandwidth, Diskspace, Processing Time တို့ကို ဝင်ရောက်နှောင့်ယှက်ခြင်း၊ သတ်မှတ်ထားသော လမ်းကြောင်း ရွေးချယ်မှုစနစ်ကို ကမောက်ကမ ဖြစ်အောင်လုပ်ခြင်း၊ TCP Session ၏ သတ်မှတ်ထားမှုကို ပြင်ဆင်ရန်ကြိုးပမ်းခြင်း၊ အသုံးပြုသူနှင့် Victim ဆာဗာကြားရှိ မီဒီယာကို ဝင်ရောက်နှောင့်ယှက်ခြင်းတို့မှာ DOS Attack လုပ်ရန် ပြင်ဆင်သောခြေလှမ်းများပင် ဖြစ်ကြောင်း သိရသည်။ ထိုသို့ တိုက်ခိုက်ခံရပါက ကွန်ရက်အတွင်းဖိုင် ဖွင့်ခြင်းမှအစ ဝက်ဘ်ဆိုက်များ အသုံးပြုခြင်း၊ ရင်းမြစ်များ အသုံးပြုရာတွင် အလွန်နှေးကွေးသွားခြင်း၊ အသုံးပြု၍မရတော့ခြင်း၊ မလိုလားအပ်သော Spam မေးလ်များ အဆက်မပြတ်ဝင်လာခြင်း၊ Traffic Load အလွန်များပြားနေခြင်းတို့ကို ကြုံတွေ့နိုင်သည်။ "DOS တိုက်ခိုက်မှုတွေကို ကာကွယ်တားဆီးဖို့ဆိုရင် ကွန်ရက်တွေမှာ Firewall, Switch, Router တွေရဲ့ ACL Setting သတ်မှတ်ချက်တွေ စနစ်တကျဖန်တီးထားရပါမယ်။ ဒီတိုက်ခိုက်မှုမျိုးဟာ IP packet forwarding ဖြစ်နေတဲ့အတွက် ကိုင်တွယ်ရခက်ပါတယ်။ လိုအပ်မယ်ဆို ရင် IPS(Intrusion Prevention System)တွေကနေ တစ်ဆင့် စောင့်ကြည့်ရပါလိမ့်မယ်။ဒီတိုက်ခိုက်မှုဟာသူ့သားကောင်Host ကို သူ့ရဲ့ကိုယ်စားလှယ်အဖြစ်၊တစ်နည်းပြော ရရင် Repeater အနေနဲ့ အသုံးပြုနေတာဖြစ်တဲ့အတွက် ပိုပိုလာတဲ့ Traffic တွေကို ပွားယူပစ်လိုက်တာပါ။ တကယ်တော့ သက်ဆိုင်ရာဆာဗာ တစ်လုံးကို တိုက်ခိုက်တယ်ဆိုပေမယ့် ကွန်ရက်တစ်ခုလုံးကို တိုက်ခိုက်လိုက်တာနဲ့ အတူတူပါပဲ။ အဆင့်မြင့်ကွန် ရက်ကြီးတွေမှာလည်း အားနည်းနေတဲ့ ဟာကွက်တွေကို စောင့်ဆိုင်းပြီး တိုက်ခိုက်တာပါ"ဟု ဦးအောင်ဇော်မြင့် က ပြောကြားခဲ့သည်။ DOS တိုက်ခိုက်မှုများမှာ လက်တည့်စမ်းခြင်းမှအစ အနှောင့်အယှက် ပေးလိုခြင်း၊ ဂုဏ်သိက္ခာကိုထိပါးလိုခြင်း စသည်ဖြင့် ရည်ရွယ်ချက်အမျိုးမျိုး ရှိနိုင်ပြီး ပြည်တွင်းပုဂ္ဂလိက အဖွဲ့အစည်းများ အနေဖြင့်လည်း ယင်းတိုက်ခိုက်မှုများနှင့် ရံဖန်ရံခါတွင် ရင်ဆိုင်ကြုံတွေ့ရကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၂၃ရက်နေ့ထုတ် Bi Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မြန်မာအတွက် အခွန်လျော့ချခြင်းကို ၂၀၁၅ မတိုင်မီ ဆောင်ရွက်မည်ဟု တရုတ်ဆို

မြန်မာနိုင်ငံအတွက် အခွန်လျော့ချခြင်းကို ၂၀၁၅ မတိုင်မီ ဆောင်ရွက်မည်ဟုChina-ASEAN Expo Seretaral မှ Vice Secretary General Mr.Nong Rong ကပြောသည်။ တရုတ်နိုင်ငံသည် ဇွန်လ ၁ရက်က တရုတ်အာဆီယံလွတ်လပ်တဲ့ ကုန်သွယ်မှုဇုန် (CAFT) တည်ထောင်ပြီးနောက် အာဆီယံ မူလအဖွဲ့ဝင် နိုင်ငံများဖြစ်သည့် စင်ကာပူ၊ မလေးရှား၊အင်ဒိုနီးရှား၊ ဘရူနိုင်း၊ ထိုင်းနှင့် ဖိလစ်ပိုင်နိုင်ငံ တို့နှင့် လွတ်လပ်သည့် ကုန်သွယ်မှုဇုန်၏သဘောတူညီမှုအရ ထွက်ကုန်၉၀ရာခိုင်နှုန်းကိုအခွန်လျော့ချရေးစတင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ လွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူညီမှုအရ တရုတ်၊ အာဆီယံ ၆ နိုင်ငံသည် ကုန်စည်ပေါင်း၉၀ ကျော်ကို အကောက်ခွန်သုညရာခိုင်နှုန်း လျော့ချပေးလျက်ရှိကြသည်။ မြန်မာနိုင်ငံသည်လည်း ၂၀၁၅ တွင် အာဆီယံလွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူညီမှုအရ တရုတ်နှင့် ဆောင်ရွက်မှာဖြစ်သည်။ အိမ်နီးချင်းတရုတ်နိုင်ငံသည် မြန်မာနှင့် ကုန်သွယ်မှုတွင် ၃ ဘီလီယံခန့်ရှိပြီး နယ်စပ်ကုန်သွယ်မှုမှာ ၁ ဘီလီယံရှိကြောင်း ပြည်တွင်း၌ တရုတ်၏ ရင်းနှီးမြှုပ်နှံမှုသည် စွမ်းအင်နှင့် ရေအားလျှပ်စစ်တွင် အများဆုံးဖြစ်ကာတရုတ်နှင့် ဟောင်ကောင် ပေါင်းပါက ရင်းနှီးမြှုပ်နှံမှုနိုင်ငံများတွင် နံပါတ်တစ် အဆင့်ဖြစ်လာကြောင်း အထက်ပါ ပုဂ္ဂိုလ်က ဆက်လက်ရှင်းပြခဲ့သည်။ မြန်မာနိုင်ငံသည် AFTA သဘောတူညီမှုအရ ၂၀၁၅ တွင်အရေးကြီးကုန်စည်နှင့် အထူးအရေးကြီးကုန်စည်များမှ ကျန်ကုန်သည်များကို အကောက်ခွန်နှုန်းထား သုည ဒသမ ၅ ရာခိုင်နှုန်းခန့် လျော့ချပေးရမည်ဖြစ်ပြီး ၂၀၁၂ တွင် ၈၀ ရာခိုင်နှုန်း အကောက်ခွန်နှုန်းထား လျော့၍ ပေးရမည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၂၂ရက်နေ့ထုတ် Popular News ဂျာနယ်တွင် ဖော်ပြထားပါသည်။

# ပြည်တွင်းသတင်း

## မြန်မာကျပ်ငွေတန်ဖိုး မြင့်တက်လာခြင်းသည် ပို့ကုန်လုပ်ငန်းရှင်များအတွက် စိန်ခေါ်မှုဖြစ်နေ

မြန်မာကျပ်ငွေတန်ဖိုး မြင့်တက်လာမှုကြောင့် ပို့ကုန်လုပ်ငန်းရှင်များသည် ဈေးကွက်ပြိုင်ဆိုင်မှုတွင် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း ပြည်တွင်းလုပ်ငန်းရှင်များက ပြောသည်။ "တကယ်တော့ မြန်မာကျပ်ငွေတန်ဖိုးတက်တယ်ဆိုတာဟာ အလွန်ကောင်းတဲ့အချက်ပါပဲ။ ဒါပေမယ့် ဒါဟာ တိုင်းပြည်စီးပွားရေးကောင်းမွန်မှုပဲ ဖြစ်နိုင်ပါတယ်" ဟု မြန်မာနိုင်ငံ ဗဟိုဘဏ်မှ အငြိမ်းစားညွှန်ကြားရေးမှူးတစ်ဦးက ပြောကြားသည်။ မြန်မာကျပ်ငွေ တန်ဖိုးမြင့်တက်လာမှုသည်နိုင်ငံခြားကုန်သွယ်မှုပိုင်းတွင်ပြည်ပသို့တင်ပို့ရန်ကုန်စည်များကို ဈေးနှုန်းမြင့်မားစေပြီး ပြည်ပမှ တင်သွင်းသည့် သွင်းကုန်များအပေါ် ဈေးနှုန်းသက်သာစေသဖြင့် ပို့ကုန်လုပ်ငန်းရှင်များအတွက်ကြီးမားသောစိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်းသိရသည်။ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမြင့်စိုးက "ကျွန်တော်တို့ အထည်ချုပ်ကဏ္ဍမှာတော့ စိန်ခေါ်မှုနှစ်ခုနဲ့လုပ်ငန်းရှင်တွေရင်ဆိုင်နေရပါတယ်။တစ်ခုကဒေါ်လာဈေးက ၁၀ ရာခိုင်နှုန်း ကျဆင်းသွားတယ်။ နောက်တစ်ချက်က လုပ်ငန်းရှင်တွေက အလုပ်သမားတွေရဲ့ လုပ်အားခကို အနည်းဆုံး ၁၀ ကနေ ၁၅ ရာခိုင်နှုန်း အထိ တိုးပေးရတဲ့အတွက် အမြတ်အစွန်းရရှိမှုက အတော်လေးနည်းသွားပါပြီ " ဟု ပြောသည်။ "နိုင်ငံခြားငွေ လဲလှယ်နှုန်းတွေကို ပြန်လည်သုံးသပ်ဖို့လိုလာသလိုဘာကြောင့်မြန်မာကျပ်ငွေတန်ဖိုးခိုင်မာလာရတဲ့ အကြောင်းရင်းကိုပါ အဖြေရှာဖို့ လိုအပ်ပါတယ်။ ကျပ်ငွေတန်ဖိုးတက်တာဟာ ပို့ကုန်လုပ်ငန်းရှင်တွေအတွက် နစ်နာပါတယ်" ဟု အငြိမ်းစားဘဏ်လုပ်ငန်း ကျွမ်းကျင်သူတစ်ဦးက ပြောကြားခဲ့ကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၂၃ရက်နေ့ထုတ် မြန်မာတိုင်း(မ်) ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ဟိုတယ်သုံးရန် တင်သွင်းလာသော ဂျပန်ကားသစ်များကို ဟိုတယ်သုံးအဖြစ် အနည်းဆုံး ၃နှစ် အသုံးမပြုဘဲ ပြန်လည်ရောင်းချပါက ပိုင်ရှင်အား နာမည်ပျက်စာရင်း သွင်းမည်

ပြီးခဲ့သည့်လက ဟိုတယ်လုပ်ငန်းရှင်များအား မဲစနစ်ဖြင့် ခွဲဝေပြီးဖြစ်သော ဟိုတယ်သုံးဂျပန်ကားသစ်များကို ပိုင်ဆိုင်ခွင့်ရရှိမည့် လုပ်ငန်းရှင်များသည် ဟိုတယ်သုံး အဖြစ် အနည်းဆုံး ၃ နှစ်အသုံးပြုရမည်ဖြစ်ပြီး အသုံးမပြုဘဲ ပြန်လည်ရောင်းချမည်ဆိုပါက အဆိုပါပိုင်ရှင်အား Black List အဖြစ် သတ်မှတ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်းမှ ဗဟိုအလုပ်အမှုဆောင်တစ်ဦးက ပြောသည်။ ပြီးခဲ့သည့်လအတွင်းက ဟိုတယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်၊ ကမ္ဘာ့အဆင့်အတန်းမီနိုင်စေရန်နှင့်လာရောက်တည်းခိုသော နိုင်ငံခြားသားများ သွားလာရေးအဆင်ပြေလွယ်ကူစေရန် ရည်ရွယ်ချက်ဖြင့် သက်ဆိုင်ရာမှ ဟိုတယ်လုပ်ငန်းသုံး လူစီးကား အစီး ၂၀၀ ကို တင်သွင်းခွင့်ပြုခဲ့ပြီး ဟိုတယ်ဇုန် အလိုက် မဲစနစ်ဖြင့် ပြန်လည်ခွဲဝေခဲ့ကြောင်း၊ ထိုသို့မဲစနစ်ဖြင့် ပြန်လည်ခွဲဝေရာတွင်လည်း တိကျမှန်ကန်မှုရှိစေရန် ဇုန်တစ်ခုတွင်ရှိသော ဟိုတယ်အရေအတွက်ကို သုံးဖြင့်စား၍ ဇုန်တစ်ခုစီအတွက် အစီးရေသတ်မှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ကားရရှိလာသော လုပ်ငန်းရှင်များကလည်း မိမိတို့ဟိုတယ်လုပ်ငန်းတွင် ကားများကို အနည်းဆုံး ၃နှစ် အသုံးပြုရမည်ဖြစ်ကြောင်း၊ ပြန်လည်ရောင်းချခဲ့ပါက သတ်မှတ်ထားသည့် ပြစ်ဒဏ်များကို ကျခံရမည်ဖြစ်ပြီး သတ်မှတ်စည်းကမ်းချက်များကို မလိုက်နာနိုင်ပါက ကားများကို မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း(ဗဟို)သို့ ပြန်အပ်နိုင်ကြောင်း ၎င်းကပြောသည်။ မြန်မာတစ်နိုင်ငံလုံးရှိ လိုင်စင်ယူပြီး ဟိုတယ်အလုံးပေါင်း ၆၂၀ အတွက် တင်သွင်းမည့်ကားအရေအတွက် ၂၀၀ တွင် Toyota Previa 2010 ခုနှစ်ယောက်စီး အစီး ၁၀၀ နှင့် ၁၅ ယောက်စီး အစီး ၁၀၀ ပါဝင်မည်ဖြစ်ပြီး ကားများ၏ တန်ဖိုးကိုလည်း လူခုနစ်ယောက်စီး ကားတစ်စီးလျှင် ကန်ဒေါ်လာ ၃၄၀၀ နှင့် လူ ၁၅ယောက်စီး ကားတစ်စီးလျှင် ကန်ဒေါ်လာ ၃၈၀၀ သတ်မှတ်ထားကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၂၂ရက်နေ့ထုတ် Popular News ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ငါးသိန်းတန်ဖုန်း လော့ခ်ကျသွားတတ်

ငါးသိန်းတန် စီဒီအမ်အေဖုန်းဟန်းဆက်တွေမှာ လော့ခ်ကျသွားတဲ့ ဖြစ်ရပ်တွေ မကြာခဏကြုံတွေ့နေရတယ်လို့ သိရတယ်။ ငါးသိန်းတန်ဖုန်း စီဒီအမ်အေ ၄၅၀ မဂ္ဂါဟက်ဇ် ဟန်းဆက်တွေ လော့ခ်ကျလွယ်တာက တခြားဖုန်းတွေနဲ့လဲ မတူဘူးလို့သိရတယ်။ တော်ဝင်ပလာဇာ best seller ဖုန်းဟန်းဆက်ဆိုင်မှ ပိုင်ရှင်ကိုစိုးမောင်မောင်က"ဖုန်းဟန်းဆက်တွေရဲ့ 0 # * စတဲ့ခလုတ်သုံးခုရဲ့ တစ်ခုခုမှာ လော့ခ်ကျသွားတဲ့ ခလုတ်ပါတယ်၊ အဲဒီခလုတ်ကို ကြာကြာနှိပ်လိုက်ရင် ဟန်းဆက်လော့ခ်ကျသွားတာပဲ။ ပြန်ဖြည့်တဲ့အခါမှာ ကုတ်နံပါတ်က သုညလေးလုံး၊ ဒါမှမဟုတ် ၁,၂,၃,၄ အစဉ်လိုက်ဂဏန်းတွေနဲ့ ဖြည့်တာ၊ တချို့ဟန်းဆက်တွေမှာတော့ သုညခြောက်လုံးအထိ ရိုက်ဖြည့်ရတယ်၊ ပုံမှန်မဟုတ်ဘဲကုတ်နံပါတ်မမှတ်မိရင်တော့ အဲဒီအခါ ပြင်ခပေးပြီး ကျွမ်းကျင်သူတွေနဲ့ ပြင်ရတော့တာပေါ့ " လို့ ရှင်းပြတယ်။ တချို့ဟန်းဆက်တွေမှာ ကုတ်နံပါတ်ကို မသိဘဲ ရမ်းနှိပ်လိုက်မိရင် ကုတ်နံပါတ်ထဲကို နံပါတ်တစ်ခုခုဝင်သွားပြီး နှိပ်တဲ့လူကိုယ်တိုင်တောင် ကုတ်ကိုမမှတ်မိတဲ့အတွက် ကျွမ်းကျင်သူတွေနဲ့ ဖြည့်ရတာမျိုးတွေလည်း ရှိတယ်လို့ သိရတယ်။ " ဂျီအက်စ်အမ်မှာက Menue နဲ့*ကိုနှိပ်လိုက်ရင် လိုင်းကျသွားတယ်ဆိုတာ လူတိုင်းနီးပါး သိတယ်။ ငါးသိန်းတန်ဟန်းဆက်တချို့မှာက အလွယ်တကူဖြည့်လို့ရတဲ့ လော့ခ်ခလုတ်မပါတာလဲ ရှိတယ်၊ ပါပြီး မသိကြတာလဲရှိတယ်၊ တကယ်လို့များ ကိုယ့်ဖုန်းရဲ့ * # 0 ခလုတ်တစ်ခုခုကို အကြာကြီးနှိပ်လိုက်မိလို့ လော့ခ်ကျသွားပြီဆိုရင် သုညတွေနဲ့ ပြန်ဖြည့်လို့ ရရင်တောင် ဖုန်းပိတ်ပြီး ပြန်ဖွင့်တဲ့ အထိ တောက်လျှောက် password နံပါတ် ရိုက်နေရတုန်းပဲ " လို့ ကိုစိုးမောင်မောင်က ရှင်းပြသည်။ လော့ခ်ကျသွားတာကို ကိုယ်တိုင်ကြုံတွေ့ခဲ့ရသူတွေက ကိုယ့်ဟန်းဆက်ကိုကုတ်နံပါတ်နဲ့ မဟုတ်ဘဲ ပုံမှန်လော့ခ်ချထားသင့်ပြီး ပုံမှန်လော့ခ်ချနည်းကို မသိရင် ကျွမ်းကျင်သူတွေကို မေးသင့်တယ်လို့ အကြံပြုပြောဆိုခဲ့ကြောင်း ၂၀၁၀ ခုနှစ် ဇူလိုင်လ ၂၃ရက်နေ့ထုတ် မော်ဒန် ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက် (၂၀၁၀ပြည့်နှစ်၊ ဇူလိုင်လ ၂၂ရက်နေ့မှ ၂၈ရက်နေ့အထိ)

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အောင်တို့တွင် မုတ်သုံလေအား အသင့်အတင့် ရှိနိုင်ပါသည်။

ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ရွာသွန်းမှုထက်ပိုပြီး ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် ရွာသွန်းမှုအောက်လျော့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ရွာသွန်းမှုခန့်ရွာနိုင်ပါသည်။

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့်ကသာမြို့တို့တွင် ၁၈၀ စင်တီမီတာ(ခြောက်ပေခန့်)၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့တို့တွင် ၁၂၀ စင်တီမီတာ (လေးပေခန့်) နှင့် ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင် ၉၀ စင်တီမီတာ
(သုံးပေခန့်)လက်ရှိရေမှတ်များ၏အထက်မြင့်တက်လာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့တို့တွင် ၁၂၀ စင်တီမီတာ(ခုနစ်ပေခန့်)၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၁၅၀ စင်တီမီတာ(ငါးပေခန့်) လက်ရှိ ရေမှတ်များ၏ အထက်မြင့်တက်လာနိုင်ပါသည်။

# နိုင်ငံတကာသတင်း

## အင်္ဂလန်နိုင်ငံ ဖန်ဘားရိုးလေယာဉ်ပြပွဲ ကျင်းပ

နှစ်စဉ်ကျင်းပမြဲဖြစ်သော အင်္ဂလန်နိုင်ငံလန်ဒန်မြို့အနီးရှိ ဖန်ဘားရိုးနိုင်ငံတကာ လေကြောင်းပြပွဲကို ယမန်နေ့က စတင်ဖွင့်လှစ်ခဲ့သည်။ စတင်သည့်နေ့မှာပင် ဘိုးအင်းနှင့် ပြိုင်ဘက် အဲယားဘတ်စ်ကုမ္ပဏီတို့သည် ဒေါ်လာ ၂၃ဘီလီယံဖိုး အမှာစာများလက်ခံရရှိခဲ့ကြသည်။ အဆိုပါအမှာစာများသည် ခရီးတိုပြေးဆွဲနိုင်သည့် လေယာဉ် ၁၉၂ စင်းအတွက်ဖြစ်သည်။ တစ်နေ့တည်းတွင် အများဆုံးအမှာစာဖြင့်ဝယ်ယူသူသည်အဲမီးရိတ်နိုင်ငံမှဒူဘိုင်းလေကြောင်းလိုင်းဖြစ်သည်။၎င်းလေကြောင်းလိုင်းသည် ဒေါ်လာ ၉.၁ဘီလီယံတန်သောဘိုးအင်း ၇၇၇ လေယာဉ် သုံးဆယ်မှာယူခဲ့လေသည်။ အခြားသောလေယာဉ်ကုမ္ပဏီများကလည်း ၎င်းတို့ထုတ်လုပ်သောလေယာဉ်များ၏ အစွမ်းအစကို ပြသန်းပြကြသည်။ ယမန်နှစ်များတွင် ဤပြပွဲ၌ စစ်ဘက်ဆိုင်ရာ လေယာဉ်အရောင်းအဝယ် အများအပြားပြုလုပ်သော်လည်း ယခုနှစ်တွင် နိုင်ငံအများက ကာကွယ်ရေးစရိတ်လျှော့ချသဖြင့် စစ်ဘက်လေယာဉ်ရောင်းဝယ်မှု အနည်းအကျဉ်းသာဖြစ်ဖွယ်ရှိသည်။ (အေအက်ဖ်ပီ)

## အစ္စရေးနိုင်ငံတွင် သံကွန်ချာဒုံးကျည်ကာကွယ်ရေးစနစ် တည်ထောင်မည်

အစ္စရေးနိုင်ငံသည် ဂါဇာနှင့် လက်ဘနွန်နိုင်ငံတို့၏ ခြိမ်းခြောက်မှုများကို တုံ့ပြန်ရန်ရည်ရွယ်သည့် ဒုံးကျည်ကာကွယ်ရေးစနစ်တစ်ခုကို နိုဝင်ဘာလတွင် ဖြန့်ကျက်ချထားမည်ဟု ကာကွယ်ရေးဝန်ကြီးဌာနကတနင်္လာနေ့ကထုတ်ဖော်ပြောကြားသည်။ သံကွန်ချာ(The Iron Dome)ကာကွယ်ရေးစနစ်သည် လေတပ်၏ လေကြောင်းကာကွယ်ရေးစနစ်နှင့်ပူးပေါင်းလိုက်လျှင် ခြိမ်းခြောက်မှုမှန်သမျှကို ကောင်းစွာ တုံ့ပြန်ချေဖျက်သွားနိုင်မည်ဖြစ်သည်။ကာကွယ်ရေးစနစ်သည်ဟားမက်စ်နှင့်အစ္စဘိုလာအဖွဲ့တို့ကအစ္စနိုင်ငံတွင်းသို့ ပစ်လွှတ်လေ့ရှိသော တာတိုဒုံးကျည်များနှင့် အမြောက်ကျည်ဆန်များကို ကောင်းစွာဟန့်တားနိုင်မည်ဖြစ်သည်။ (အေအက်ဖ်ပီ)

## အမေရိကန်နှင့် ကိုရီးယားနိုင်ငံတို့ စစ်ရေးလေ့ကျင့်မှု ၁၀ကြိမ်ပြုလုပ်မည်

တောင်ကိုရီးယားနိုင်ငံ၏ ကင်းလှည့်ရေယာဉ်တစ်စီး မြောက်ကိုရီးယားနိုင်ငံ၏ တော်ပီဒို ထိမှန်နစ်မြုပ်ပြီးနောက်ပိုင်းတွင် အမေရိကန်ပြည်ထောင်စုနှင့် တောင်ကိုရီးယားနိုင်ငံတို့သည် လာမည့်လများအတွင်း ရေတပ်စစ်ရေးလေ့ကျင့်မှု ၁၀ကြိမ်ခန့်ပြုလုပ်ရန်ရှိသည်ဟု တောင်ကိုရီးယားကာကွယ်ရေးဌာနကထုတ်ဖော်ပြောဆိုသည်။ ပထမဦးဆုံးစစ်ရေးလေ့ကျင့်မှုကို ကိုရီးယားကျွန်းဆွယ်၏ အရှေ့ဘက်ကမ်းခြေတွင် ဇူလိုင် ၂၅မှ ၂၈ရက်အထိ ကျင်းပပြုလုပ်မည် ဖြစ်သည်။ နောင်လာမည့် လေ့ကျင့်မှုများကို ဂျပန်ပင်လယ်နှင့် မြစ်ဝါမြစ်တို့တွင် ပြုလုပ်မည်ဖြစ်သည်။ တနင်္ဂနွေနေ့တွင် ကျင်းပသော စစ်ရေးလေ့ကျင့်မှုတွင် အမေရိကန်နိုင်ငံ၏ ဂျော့ဝါရှင်တန်လေယာဉ်တင်သင်္ဘောကြီး အပါအဝင် စစ်သင်္ဘော ၂၀ခန့် ပါဝင်၍ လေယာဉ်အစီး ၂၀၀ခန့် ပါဝင်လေ့ကျင့်မည်ဖြစ်သည်။ နှစ်နိုင်ငံမှ ကြည်းတပ်၊ လေတပ်နှင့် ရေတပ်အင်အား စုစုပေါင်း ရှစ်ထောင်ခန့်ပါဝင်၍ ရေငုပ်သင်္ဘော ဆိုင်ရာ စစ်ရေးလေ့ကျင့်မများနှင့် ကောင်းကင်ယံတွင် ဆီဖြည့်သည့် လေ့ကျင့်ခန်းနှင့် ဆိုက်ဘာကာကွယ်ရေးတို့ပါဝင်မည်ဖြစ်သည်။ (အေအက်ဖ်ပီ)

## အမေရိကန်- ဗြိတိန် ဆက်ဆံရေး သွေးအေး

အင်္ဂါနေ့က ဗြိတိသျှဝန်ကြီးချုပ်သစ် ဒေးဗစ်ကင်မရွန်းသည် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့သို့သွားရောက်၍ သမ္မတအိုဘားမားနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ အပြင်ပန်းကြည့်လျှင် မိတ်ဆွေဟောင်းနှစ်ဦး အသစ်တဖန်ပြန်လည်ဆုံတွေ့၍ နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုတိုးတက်ခိုင်မြဲစေမည်ဟု ထင်မှတ်ရပေသည်။ သို့သော်လည်း ဝါရှင်တန်၏ လန်ဒန်နှင့်ဆက်ဆံရေးသည် ယခင်ကကဲ့သို့ အထူးကောင်းမွန်သော ဆက်ဆံရေးမဟုတ်ခဲ့ပေ။ ပြောင်းလဲနေသော ပထဝီနိုင်ငံရေးဝန်းကျင်က နှစ်နိုင်ငံအားကွာဝေးအောင်ဖန်တီးခဲ့သည်။ယခင်အခါများက ဗြိတိန်နိုင်ငံသည် အမေရိကန်-ဥရောပဆက်ဆံရေးတွင် အရေးပါသော ကြားခံပုဂ္ဂိုလ်ဖြစ်ခဲ့သည်။ သို့သော်လည်း နောက်ပိုင်းတွင် ဗြိတိန်နိုင်ငံကိုယ်တိုင်ပင် ဥရောပအပေါ် အလေးအနက်ထားမှုလျော့လာခဲ့သည်။ ထိုအချိန်တွင် အိုဘားမားအစိုးရက ဥရောပရှိ အဓိကနိုင်ငံများနှင့် ဆက်ဆံရေးအထူးတိုးတက်ရန် ကြိုးပမ်းလိုပေသည်။ အမေရိကန်-ဗြိတိန် နှစ်နိုင်ငံသည် မဟာမိတ်များဖြစ်သော်လည်း ယခင်ကကဲ့သို့ တစ်သားတည်းရှိမနေတော့ချေ။(ဆင်ဟွာ)

## ဟေတီနိုင်ငံအပေါ် တင်ရှိသောကြွေးမြီများ IMF ပယ်ဖျက်

လွန်ခဲ့သော ၆လခန့်က ငလျင်ဒဏ်ခံခဲ့ရသော ဟေတီနိုင်ငံအပေါ် တင်ရှိနေသော ကြွေးမြီဒေါ်လာ ၂၆၈သန်းကို လျှော်ပစ်လိုက်ကြောင်း နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ IMF က ထုတ်ပြန်ကြေညာသည်။ ၎င်းအပြင် ဟေတီနိုင်ငံ ပြန်လည်တည်ဆောက်ရေးအတွက် နောက်ထပ် ဒေါ်လာ သန်း ၆၀ကို အတိုးမဲ့ ထပ်မံချေးငှားပေးဦးမည်ဖြစ်သည်။ ဟေတီငလျင်တွင် လူပေါင်း တစ်သန်းခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။ နိုင်ငံတကာအသိုင်းအဝိုင်းက ငွေပေါင်း ဒေါ်လာ ၉.၉ဘီလီယံ ကူညီထောက်ပံ့ရန်ကတိပြုခဲ့ကြသော်လည်း ထောက်ပံ့ငွေများ ယခုတိုင် ဟေတီနိုင်ငံသို့ ရောက်ရှိလာခြင်းမရှိသေးချေ။ IMF၏ နောက်ထပ်ချေးငွေဖြင့် နိုင်ငံ၏ နိုင်ငံခြားအရန်ငွေကြေးကို တိုးမြှင့်စေမည်ဖြစ်သည်။ ဟေတီနိုင်ငံ၏ စီးပွားရေးသည် ယခုနှစ်အတွင်းတွင် ၉ရာခိုင်နှုန်းဝန်းကျင် တိုးတက်ရန် ခန့်မှန်းထားသည်။ အဆိုပါတိုးတက်မှုသည် နိုင်ငံခြားအကူအညီများဖြင့် တည်ဆောက်သော ဆောက်လုပ်ရေးလုပ်ငန်းများကြောင့်ဖြစ်သည်။ (ဘီဘီစီ)

## မြောက်ကိုရီးယားနှင့် ကုလသမဂ္ဂတပ်ဖွဲ့ ဒုတိယအကြိမ်ဆွေးနွေးပွဲစတင်

မြောက်ကိုရီးယားစစ်တပ် ကိုယ်စားလှယ်အဖွဲ့သည် သောကြာနေ့က အမေရိကန်ဦးဆောင်သော ကုလသမဂ္ဂတပ်ဖွဲ့ ကိုယ်စားလှယ်နှင့် တောင်ကိုရီးယား၏ သင်္ဘောနစ်မြုပ်မှုနှင့်စပ်လျဉ်းသော ဒုတိယအကျော့ဆွေးနွေးပွဲကို ပြုလုပ်ခဲ့သည်။ အမေရိကန်နိုင်ငံက မြောက်ကိုရီးယားအား စီးပွားရေးပိတ်ဆို့မှုများပြုလုပ်မည်ဖြစ်ကြောင်း ကြေညာပြီးနောက်ရက်ပိုင်းအကြာတွင် ဤဆွေးနွေးပွဲကို ပြုလုပ်ခြင်းဖြစ်သည်။ တောင်နှင့်မြောက် ကိုရီးယားနှစ်နိုင်ငံ၏ နယ်စပ်တွင်ရှိသော ပန်မွန်ဂျုံငြိမ်းချမ်းရေးရွာတွင် ဆွေးနွေးပွဲပြုလုပ်ခြင်းဖြစ်သည်။ယခုဆွေးနွေးပွဲသည် ဗိုလ်မှူးကြီးအဆင့် ဆွေးနွေးပွဲဖြစ်၍ နောက်ပိုင်းတွင် ဗိုလ်ချုပ်ကြီးများအဆင့် ဆွေးနွေးပွဲအတွက် ကြိုတင်ညှိနှိုင်းကြခြင်းဖြစ်သည်။ မြောက်ကိုရီးယားဘက်မှ သင်္ဘောနစ်မြုပ်ခြင်းကို စုံစမ်းစစ်ဆေးရန် အဆင့်မြင့်စစ်ဆေးရေးအဖွဲ့တစ်ဖွဲ့ကို တောင်ကိုရီးယားနိုင်ငံသို့ စေလွှတ်ခွင့်ပြုရန် တောင်းဆိုခဲ့သည်။ ဗိုလ်ချုပ်ကြီးများအဆင့်အစည်းအဝေးကို ၁၉၉၈တွင် ပထမဆုံးအကြိမ် ကျင်းပပြုလုပ်ခဲ့သည်။ (အေအက်ဖ်ပီ)

## ခေါင်းလျှော်ရည်အမြှုပ်များဖုံးလွှမ်းနေ၍ ရထားခရီးစဉ်များ ရပ်ဆိုင်းထားရ

ယမန်နေ့က ပြင်သစ်နိုင်ငံတောင်ပိုင်း မွန်ပဲလီးယားမြို့အနီးတွင် ခရီးသည်တင် အဆင့်မြင့်အမြန်ရထားနှင့် ခေါင်းလျှော်ရည်များတင်ဆောင်လာသော ထရပ်ကားတစ်စင်းတို့သည် ရထားလမ်းကူး၌ တိုက်မိခဲ့ကြသည်။ ရထားလမ်းများနှင့် ရထားခေါင်းတွဲတို့တွင် ဆပ်ပြာမြှုပ်များဖုံးလွှမ်းသွားသဖြင့် ရထားရှေ့ဆက်မသွားနိုင်ဘဲ ရှင်းလင်းရေးလုပ်ငန်းများကိုနာရီပေါင်းများစွာကြာအောင် ဆောင်ရွက်ခဲ့ကြရသည်။ ထိခိုက်ဒဏ်ရာရသူ တစ်ဦးတစ်ယောက်မျှ မရှိခဲ့ပေ။ ၎င်းဖြစ်ရပ်ကြောင့် အဆိုပါလမ်းကြောင်းတွင် ပြေးဆွဲနေသော ရထား ၁၉စီး၏ ခရီးစဉ်များ နှောင့်နှေးသွားပြီးလျှင် ညနေပိုင်းရောက်မှ ပုံမှန်သွားလာနိုင်ကြသည်။ (အေအက်ဖ်ပီ)

# သတင်းအတို

## စက်သုံးဆီအရောင်းဆိုင်များတွင် တာဝန်ထမ်းဆောင်ခဲ့သူ ဝန်ထမ်းများကို ပင်စင်ပေးရန် ဆန္ဒသဘောထားတောင်းခံ

ပြည်နယ်နှင့်တိုင်းရောင်းဝယ်ရေးအရာရှိရုံးများလက်အောက်ရှိ စက်သုံးဆီအရောင်းဆိုင်များတွင် တာဝန်ထမ်းဆောင်ခဲ့သော နှစ် ၃၀နှင့်အထက် ဝန်ထမ်းများကို နှစ်ပြည့်ပင်စင်ပေးနိုင် ရန်အတွက် ဝန်ထမ်းများ၏ ဆန္ဒသဘောထားများကို စတင်တောင်းယူနေပြီဖြစ်ကြောင်း သိရသည်။ အဆိုပါဝန်ထမ်းများ၏ သဘောထားများ တောင်းယူခြင်းအကြောင်းကြားစာကို ယခုရက်ပိုင်းအတွင်းမှစတင်ကာ ဝန်ထမ်းများထံသို့ ပို့ဆောင်ပေးထားပြီဖြစ်ကြောင်း၊ ဝန်ထမ်းများ၏ သဘောထားများကိုလည်း ဇူလိုင် ၂၁ရက်နေ့ နောက်ဆုံးထားကာ ရုံးချုပ်သို့တင်ပြပေးရမည်ဟု သိရသည်။ အဆိုပါစက်သုံးဆီအရောင်းဆိုင်များတွင် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများထံသို့ ပေးပို့ထားပြီးဖြစ်သော အကြောင်းကြားစာတွင် စက်သုံးဆီအရောင်းဆိုင်များတွင် နှစ် ၃၀ သက်တမ်းရှိဝန်ထမ်းများအပါအဝင် လုပ်သက် ၁၀နှစ်အောက်ရှိ ဝန်ထမ်းများလည်း ပါဝင်ကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၂၀ရက်နေ့ထုတ် Flower News ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မန္တလေးမှ ဗုဒ္ဓဂယာသို့ အဲပုဂံလေယာဉ် နှစ်ပတ်တစ်ကြိမ်ပျံသန်းမည်

ပထမဆုံးအကြိမ်အဖြစ် မန္တလေးမြို့မှ ဗုဒ္ဓဂယာသို့ ဘုရားဖူးသွားရောက်ကြမည့်သူများအား အဲပုဂံလေကြောင်းလိုင်းပိုင် Forker 100 လေယာဉ်ဖြင့် တိုက်ရိုက်ပျံသန်းရန် စီစဉ်ထားရှိကြောင်း အဆိုပါ ခရီးစဉ်အား စီစဉ်ဆောင်ရွက်သူ တိုးမဟာဘုရားဖူးအဖွဲ့မှ တာဝန်ရှိသူ ဦးမောင်မောင်အေးက ပြောသည်။ "အောက်တိုဘာ ၆ရက် ဗုဒ္ဓပူးနေ့ကစပြီး နှစ်ပတ်တစ်ကြိမ် ပျံသန်းဖို့ စီစဉ်ထားပါတယ်" ဟု ဦးမောင်မောင်အေးက ပြောသည်။ လူတစ်ရာခန့်စီးနိုင်သော Forker 100 လေယာဉ်ဖြင့် မန္တလေးလေဆိပ်မှ နံနက် ၉နာရီတွင် ထွက်နိုင်ရန် စီစဉ်ထားပြီး အမ်အေအိုင်လေကြောင်းလိုင်းမှ စီစဉ်သော ၁၄ရက် ခရီးစဉ်ဖြစ်သည့် ဗုဒ္ဓဂယာနေရာစုံ၊ သင်္ကသနဂိုရ်၊ တာ့ချ်မဟာ- နယူးဒေလီမြို့တော်အထိ ပို့ဆောင်ပေးမည်ဖြစ်သည်ဟု သိရသည်။ မန္တလေးမြို့မှ တိုက်ရိုက်ပျံသန်းမည် ဖြစ်သော်လည်း ဈေးနှုန်းမှာ ရန်ကုန်မြို့မှ သွားရောက်သည့် ဈေးနှုန်းအတိုင်းပင် သတ်မှတ်ထားကြောင်း ဦးမောင်မောင်အေးက ပြောပြခဲ့သည်ဟု ၂၀၁၀ခုနှစ် ဇူလိုင်လ ၂၂ရက်နေ့ထုတ် 7 Day News ဂျာနယ်တွင် ဖော်ပြထားပါသည်။

## လော့်ကားတွင် အကြီးစားပြင်ဆင်မှုများ ပြုလုပ်နေသဖြင့် ရုံးပိတ်ရက်များတွင်သာဖွင့်လှစ်

လော့်ကားဥယျာဉ်အတွင်းပိုင်းတွင် အကြီးစားပြင်ဆင်မှုများပြုလုပ်နေသဖြင့် ဥယျာဉ်ဖွင့်ရက်ကို အစိုးရရုံးပိတ်ရက်များတွင်သာ ဖွင့်လှစ်ထားကြောင်း လော့်ကားဥယျာဉ်အုပ်ချုပ်ရေးရုံးမှ သိရသည်။ လော့်ကားဥယျာဉ်ကို ထူးကုမ္ပဏီက ၂၀၁၀ ဧပြီလ ၁ရက်နေ့မှ စတင်လွှဲပြောင်းလုပ်ကိုင်ခဲ့ပြီးနောက် ကုမ္ပဏီမှ ဥယျာဉ်အတွင်း အကြီးစားပြင်ဆင်မှုများကို ပြုလုပ်နေခြင်းဖြစ်ကြောင်း သိရသည်။ ယခုအခါ ဥယျာဉ်ပတ်လမ်းကို ကွန်ကရစ်လမ်းများခင်းကျင်းခြင်းများ၊ ဥယျာဉ်အတွင်းရှင်းလင်းခြင်းများကို လုပ်ဆောင်နေကြောင်း ဥယျာဉ်တာဝန်ရှိသူများထံမှ သိရသည်။ " အခု ကွန်ကရစ်လမ်းတွေ ခင်းနေတယ်။ နောက်ပိုင်းမှာ ဥယျာဉ်ကို အပျော်စီးကား (Buggy) တွေနဲ့ ပတ်နိုင်အောင်လို့ပါ။ အခုကြားရက်တွေမှာ ဥယျာဉ်ပြင်ဆင်မှုတွေ လုပ်နေရတယ် " ဟု ထူးကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ အကြီးစားပြင်ဆင်မှုများ ပြုလုပ်ပြီးပါက ဥယျာဉ်ကို ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၂၂ရက်နေ့ထုတ် 7 Day News ဂျာနယ်တွင် ဖော်ပြထားပါသည်။

## အောက်တိုဘာလအထိ ရန်ကုန်၌ ငါးသိန်းတန်ဖုန်း တစ်သိန်းထပ်မံချပေးမည်

CDMA 800 မဂ္ဂါဟတ်ဇ် ကျပ်ငါးသိန်းတန်ဖုန်းများကို ရန်ကုန်မြို့အတွင်း နယ်မြေကန့်သတ်ချက်မရှိ သယ်ယူနိုင်ရန် လိုင်းဖွင့်ပေးပြီးနောက် ဖုန်းများချထားပေးလျက်ရှိရာ အောက်တိုဘာလအထိ ရန်ကုန်မြို့တွင်း ဖုန်းအလုံးရေ တစ်သိန်းထပ်မံချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါဖုန်းများကို ရန်ကုန်မြို့တွင်း နယ်မြေကန့်သတ်ချက်မရှိဘဲ သယ်ယူနိုင်ရန် လိုင်းဖွင့်ပေးပြီးနောက် လျှောက်ထားသူဦးရေ တိုးလာကြောင်း Elite Tech IT Service Company Limited မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ ယခုနှစ် ဇန်နဝါရီလတွင် CDMA 800 မဂ္ဂါဟတ်ဇ်ကျပ်ငါးသိန်းတန်ဖုန်းများကို စတင်ချပေးခဲ့ရာ ရန်ကုန်၌ ဇူလိုင်လတတိယပတ်အထိ ဖုန်းအလုံးရေ ၆၀,၈၉၀ ချပေးခဲ့ပြီး ယခုအခါ တစ်ရက်လျှင် ငါးသိန်းတန်ဖုန်းကတ် ၁,၀၀၀ ထုတ်ပေးလျက်ရှိကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၂၃ရက်နေ့ထုတ် မြန်မာတိုင်း(မ်) ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ပုဂ္ဂလိကဘဏ်သစ်များ နေပြည်တော်၌သာ ရုံးချုပ်ဖွင့်ရမည်

တရားဝင် ဖွင့်လှစ်ခွင့်ရရှိပြီဖြစ်သော ပုဂ္ဂလိကဘဏ်သစ် ၄ခု၏ ရုံးချုပ်များကို နေပြည်တော်တွင် ဖွင့်လှစ်ရမည်ဟု ဗဟိုဘဏ်က ပြောသည်။ " ဘဏ်သစ်တွေအားလုံး ရုံးချုပ်ကို နေပြည်တော်မှာ ဖွင့်ရမှာပါ။ ဩဂုတ်လဆန်းမှာ ရုံးချုပ်တွေဖွင့်ဖို့ ကြိုးစားနေတယ်။ ရက်တော့မသတ်မှတ်ရသေးဘူး " ဟု ဗဟိုဘဏ်မှ အကြီးတန်းအရာရှိကြီးတစ်ဦးက ပြောသည်။ မကြာမီက ဖွင့်လှစ်ခွင့်ရထားသည့် ပုဂ္ဂလိကဘဏ် ၄ခုသည် ယာယီရုံးချုပ်များဖွင့်ရန် ပြင်ဆင်နေပြီး ရုံးချုပ်ဆောက်လုပ်ရန်အတွက် အထူးဖွံ့ဖြိုးရေးစီမံကိန်းတွင် မြေနေရာ လျှောက်ထားရမည်ဖြစ်ကာ ချထားသည့်မြေနေရာတွင် ရုံးချုပ်ကို ဆောက်လုပ်ရမည်ဟု သိရသည်။ နေပြည်တော်တွင် ဖွင့်လှစ်မည့် ဘဏ်ရုံးချုပ်များအတွက် မြေနေရာချထားရာတွင် ဘဏ်တစ်ဘဏ်လျှင် မြေဧက ၃ဧက ရရှိပြီး နှစ်သက်ရာ ဘဏ်ပုံစံ တည်ဆောက်ခွင့်ပေးထားကြောင်း၊ ၄င်းမြေ ၃ဧကအတွက် ကျပ်သိန်း ၃၀၀ နှင့် မြေခွန်ဖိုး ကျပ် သိန်း၃၀ ပေးသွင်းရကြောင်း ဖွင့်လှစ်လျက်ရှိသည့် ပုဂ္ဂလိကဘဏ်တစ်ခုမှ သိရကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၂၂ရက်နေ့ထုတ် Popular News ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ဓာတ်အားခများကို သက်ဆိုင်ရာဌာနများ၌ တိုက်ရိုက်ပေးသွင်းကြရန် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့က သတိပေးချက်ထုတ်ပြန်

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးအဖွဲ့မှ ဓာတ်အားခပေးဆောင်ရာတွင် သက်ဆိုင်ရာ သတ်မှတ်ထားသော ဌာနများတွင် ကိုယ်တိုင် တိုက်ရိုက်ပေးသွင်းကြရန် သတိပေးချက် ထုတ်ပြန်လိုက်ကြောင်း သိရှိရသည်။ ဓာတ်အားခ ပေးဆောင်ရာတွင် သတ်မှတ်ထားသော နေရာများ၌ တိုက်ရိုက်ပေးဆောင်ကြရန် မိတာစာရေးဖြင့်ဖြစ်စေ၊ အခြား လျှပ်စစ်ဝန်ထမ်း တစ်ဦးဦးနှင့်ဖြစ်စေ၊ ပြင်ပ ပုဂ္ဂိုလ်တစ်ဦးဦးမှ တစ်ဆင့်ဖြစ်စေ မပေးဆောင်ကြရန်နှင့် ငွေကြေးပြဿနာ တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ပေးဆောင်ခိုင်းသူ၏ တာဝန်သာဖြစ်ကြောင်း အဆိုပါသတိပေးချက်တွင် ထည့်သွင်းပါရှိကြောင်း သိရှိရသည်။ "အခုလို သတိပေးချက် ထုတ်လိုက်တော့ ကြွေးကျန်ကိစ္စတွေ၊ ဓာတ်အားခကို အခကြေးငွေယူပြီး တစ်ခါဆောင်အရွက် (၃၀) လောက်ယူပြီး လာဆောင်ကြတဲ့သူတွေ၊ ပြီးတော့ ငွေရေးကြေးရေးတွေရှုပ်ပြီး အကြာကြီး ရှင်းနေရတဲ့ အဖြစ်တွေနဲ့ အလုပ် မရှုပ်တော့ဘူးပေါ့ဗျာ"ဟု ဓာတ်အားခ လက်ခံရသည့်ဌာနမှ တာဝန်ရှိသူ တစ်ဦးက ပြောပြခဲ့ကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၂၁ရက်နေ့ထုတ် Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ရှော့ပင်းစင်တာပါ ဗီယက်နမ်စီးပွားရေးစင်တာ မြန်မာနိုင်ငံတွင် တည်ထောင်မည်

ဗီယက်နမ်-မြန်မာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရောင်းဝယ်မှုကို အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်ရန်အတွက် ရှော့ပင်းစင်တာပါဝင်သော ဗီယက်နမ်စီးပွားရေးစင်တာ ( Vietnamese Business Home ) တစ်ခုကို လာမည့်နှစ်လအတွင်း စတင်တည်ထောင်မည်ဖြစ်ကြောင်း ဗီယက်နမ်လေကြောင်းလိုင်းမှ အထွေထွေမန်နေဂျာ မစ္စတာဖူက ပြောကြားသည်။ ယင်းစီးပွားရေးစင်တာအား ဗီယက်နမ်နိုင်ငံ၏ အင်အားကြီးစီးပွားရေးလုပ်ငန်းစုတစ်ခုဖြစ်သည့် DONG LUC GROUP က ရင်းနှီးမြှုပ်နှံမည်ဖြစ်ကာ ယင်းအတွက် အောင်ဆန်းအားကစားဝင်းအနီးရှိ လေးထပ်အဆောက်အအုံတစ်ခုကို ငှားရမ်းရန် ဆွေးနွေးလျက်ရှိကြောင်း သိရသည်။ " မြန်မာနိုင်ငံမှာ နိုင်ငံခြားသားအဆောက်အအုံ ပိုင်ဆိုင်ခွင့်မရှိတဲ့အတွက် အဆောက်အအုံငှားရမ်းမှာဖြစ်ပါတယ်။ နောက်နှစ်လလောက်မှာ စတင်ပြင်ဆင်မှာဖြစ်ပါတယ်။ မှန်းထားတာကတော့ ပုံမှန်အခြေအနေအရဆိုရင် နောက်လေးလလောက်မှာ ဒီစီးပွားရေးစင်တာကို စတင်လည်ပတ်နိုင်ပါ လိမ့်မယ် " ဟု ယင်းကပြောကြောင်း ၂၀၁၀ ခုနှစ် ဇူလိုင်လ ၂၂ရက်နေ့ထုတ် ရန်ကုန်တိုင်း(မ်) ဂျာနယ်တွင် ဖော်ပြထားပါသည်။

## တနင်္သာရီတိုင်းတွင် အကြီးဆုံးတည်ဆောက်နေသော ကြယ်ငါးပွင့်ဟိုတယ်ကို ၂၀၁၂ တွင် ဖွင့်မည်

ထိုင်းနိုင်ငံ အခြေစိုက် KR Commercial and Property ကုမ္ပဏီ၏ လုပ်ငန်းခွဲ Pearl Lagura အပန်းဖြေလုပ်ငန်းသည် တနင်္သာရီတိုင်းတွင် အကြီးဆုံးကြယ်ငါးပွင့်ဟိုတယ်ကို တည်ဆောက်လျက်ရှိပြီး ၂၀၁၂ ခုနှစ် ဒီဇင်ဘာတွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း ထိုင်းအင်တာနက်သတင်း တစ်ရပ်တွင် ဖော်ပြထားသည်။ ယင်း ကြယ်ငါးပွင့်ဟိုတယ်သည် အမေရိကန်ဒေါ်လာ ၁၅သန်း ကုန်ကျမည်ဖြစ်ပြီး အပန်းဖြေဟိုတယ်ကို အပိုင်းလိုက်ဖွင့်လှစ်ရန် စီစဉ်ထားကြောင်း အခန်း ၆၀ခန်းကို ပထမဖွင့်လှစ်မည်ဖြစ်ကာ ဒုတိယအဆင့် အခန်း ၄၀ကို ဆက်လက်ဆောက်လုပ်မည်ဖြစ်ပြီး လာမည့်နှစ်တွင် စတင်မည်ဖြစ်ကြောင်း ယင်းသတင်းတွင် ပါရှိသည်။ အဆိုပါ အပန်းဖြေဟိုတယ်တွင် Standard Suite နှင့် Superior Suite အခန်းသုံးမျိုး ပါဝင်ပြီး ညီလာခံခန်းမ၊ အစည်းအဝေးခန်းများ၊ စားသောက်ဆိုင်များ၊ ရေကူးကန်၊ အားကစားခန်းမ၊ ဈေးဝယ်စင်တာနှင့် အခွန်လွတ်အရောင်းဆိုင်များ ပါဝင်မည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၂၂ရက်နေ့ထုတ် Popular News ဂျာနယ်တွင် ဖော်ပြထားပါသည်။

## အခွန်တံဆိပ်မရှိသော အရက်၊ ဘီယာ၊ ဝိုင်နှင့် စီးကရက်များ သိမ်းဆည်း

အခွန်တံဆိပ်ကပ်ထားခြင်းမရှိသော ပြည်တွင်း၊ ပြည်ပထုတ် အရက်၊ ဘီယာ၊ ဝိုင်နှင့် စီးကရက်များကို သက်ဆိုင်ရာက ဇူလိုင် ၁ရက်မှစ၍ လိုက်လံစစ်ဆေးပြီး တွေ့ရှိပါက စတင်သိမ်းဆည်းနေပြီဖြစ်ကြောင်း ပြည်တွင်းအခွန်များဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။ အခွန်မဆောင်ဘဲ ရောင်းချပါက နိုင်ငံခြားထုတ် စီးကရက်ကို လုံးဝဖျက်ဆီးမည်ဖြစ်ပြီး အရက်အမျိုးမျိုးကိုမူ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းကာ လေလံတင်သွားမည်ဖြစ်ကြောင်း၊ လေလံဆွဲလိုသူက အကောက်ခွန်ဥပဒေအရ အခွန်ဆောင်ပြီး ပြန်လည်ဝယ်ယူနိုင်ကြောင်း ၎င်းကပြောသည်။ ပြည်တွင်းထုတ် ပစ္စည်းများမှာမူ အခွန်တံဆိပ်ကပ်၊ အခွန်ဆောင်ပြီး ပြန်လည်ရယူနိုင်ကြောင်း ပြောသည်။ နိုင်ငံခြားမှ တင်သွင်းလာသော ပစ္စည်းများကို သတ်မှတ်အခွန်နှုန်းများအတိုင်း ကောက်ခံ၍ အခွန်တံဆိပ်ကပ်ပေးခြင်းကို ဧပြီလ ၁ရက်နေ့ကတည်းက စတင်ခဲ့ပြီး ပြည်တွင်းထုတ်ပစ္စည်းများမှာမူ ၂၀၀၇ခုနှစ်ကတည်းက အခွန်တံဆိပ်ကပ်ပြီးမှ ရောင်းချခွင့်ပြုခဲ့ကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၂၃ရက်နေ့ထုတ် မြန်မာတိုင်း(မ်)ဂျာနယ်တွင် ဖော်ပြထားပါသည်။

## လယ်ယာကဏ္ဍတွင် ပိုမိုရင်းနှီးမြှုပ်နှံရန် တိုက်တွန်း

အစာရေစာရှားပါးနေချိန်၌ စိုက်ပျိုးရေးအဓိကထားသော မြန်မာနိုင်ငံသည် လယ်ယာကဏ္ဍတွင် ပိုမိုရင်းနှီးမြှုပ်နှံပြီး စိုက်ပျိုးရေးထုတ်ကုန်များ တင်ပို့ရောင်းချမှုကို မြှင့်တင်သင့်ကြောင်း ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို)၏ မြန်မာနိုင်ငံဌာနေ ကိုယ်စားလှယ်မစ္စတာ ရှင်းအိမက ပြောသည်။ လက်ရှိအခြေအနေတွင် ကမ္ဘာတစ်ဝန်းလုံးရှိ လူဦးရေသန်း ၁၀၀၀ကျော်မှာ အစာရေစာရှားပါးမှုနှင့် ကြုံတွေ့နေရပြီး ၎င်းတို့အနက် ၆၄၂သန်းမှာ အာရှဒေသမှဖြစ်သည်။ ယင်းသို့သော အခြေအနေတွင် စိုက်ပျိုးရေးတွင် အလားအလာရှိသော မြန်မာနိုင်ငံက အဆိုပါကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်၍ နိုင်ငံစားနပ်ရိက္ခာဖူလုံမှုအပြင် ပို့ကုန်များအတွက် ဆောင်ရွက်နိုင်ပါက သူတစ်ပါး၏ အစာရေစာရှားပါးမှုကို အကူအညီပေးရာရောက်ပြီး မိမိနိုင်ငံ၏ ဖွံ့ဖြိုးရေးအတွက်လည်း ဆောင်ရွက်ရာရောက်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စာရင်းများအရ မြန်မာနိုင်ငံတွင် စိုက်ပျိုးခြင်းမပြုရသေးသော မြေလွတ်မြေရိုင်းဧက ၁၄ဒသမ ၆သန်း ရှိသေးကြောင်း၊ ဆည်မြောင်းတာတမံများနှင့် မြစ်ရေတို့ကို စိုက်ပျိုးရေးအတွက် အသုံးပြုမှုမှာ ခြောက်ရာခိုင်နှုန်းသာ ရှိသေးကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၂၃ရက်နေ့ထုတ် မြန်မာတိုင်း(မ်)ဂျာနယ်တွင် ဖော်ပြထားပါသည်။

## City FM တွင် IT ဆွေးနွေးခန်းများ၊ ဂီတဝက်ဘ်ဆိုက်များမှ နာမည်ကြီးသီချင်းများ ပါဝင်မည့် အစီအစဉ်သစ်ထုတ်လွှင့်မည်

City FM တွင် IT ဆွေးနွေးခန်းများ၊ ဂီတဝက်ဘ်ဆိုက်များရှိ နာမည်ကြီးသီချင်းများ စသည်တို့ပါဝင်မည့် ၂၅မိနစ်စာ City IT အစီအစဉ်သစ်တစ်ခုကို မကြာမီထုတ်လွှင့်မည်ဖြစ်ကြောင်း သတင်းရရှိပါသည်။ "နည်းပညာကို လေ့လာလိုပြီး မအားလပ်တဲ့ အရွယ်စုံလူတွေလေ့လာလို့ ရအောင်တင်ဆက်ပေးမှာပါ။ နည်းပညာနဲ့ ပတ်သက်တဲ့ ဗဟုသုတကို Mr.IT ၊ သီချင်းတွေကို IT Sounds ၊ ဟာသတွေကို IT Jokes နဲ့ IT ပစ္စည်းတွေကို မိတ်ဆက်ပေးမယ့် IT Market ဆိုပြီး အပိုင်းလေးပိုင်းထည့်သွင်း ထုတ်လွှင့်ဖို့ စီစဉ်ထားပါတယ်။ ပါဝင်လိုသူ လူငယ်တွေ၊ အိုင်တီလုပ်ငန်းရှင်တွေလည်း ပူးပေါင်းပါဝင်ဖို့ ဖိတ်ခေါ်ပါတယ် " ဟု Min Art & Advertising မှ စီစဉ်သူက ပြောကြားခဲ့သည်။ ယင်းအစီအစဉ်ကို တင်ဆက်သူများအဖြစ် နီဟိန်းအောင်နှင့် ဂွမ်းဖြူစင်တို့က ဆောင်ရွက်ပြီး Mr.IT အဖြစ် Creative Web Stuido မှ ဒါရိုက်တာ ကိုဝေဖြိုးထွန်းက ကူညီဖြေကြားပေးမည်ဖြစ်ကာ ကုန်ပစ္စည်းအညွှန်းအတွက် Internet Journal မှ ကူညီပံ့ပိုးပေးကြောင်း ၂၀၁၀ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့ထုတ် Bi Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ၁၂ ပါးမြောက် ပိဋကသုံးပုံဆောင် ဆရာတော် ပေါ်ထွက်

ယခု ၂၀၁၀ ပြည့်နှစ် (၆၂) ကြိမ်မြောက် တိပိဋကစာမေးပွဲတွင် စစ်ကိုင်းမြို့ မဟာသုဓောဓာရုံ ကျောင်းတိုက်မှ သက်တော် ၄၂နှစ်အရွယ်ရှိ ဘဒ္ဒန္တ အဘိဇာတ လင်္ကာရာဘိဝံသက စာမျက်နှာပေါင်း ၈၀၂၆ မျက်နှာပါဝင်သည့် သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာ ပိဋကသုံးပုံအားလုံးကို ရေးဖြေနှင့် နှုတ်ဖြေ ထူးချွန်စွာအောင်မြင်ခဲ့သဖြင့် မြန်မာနိုင်ငံတွင် ၁၂ ပါးမြောက် ပိဋကသုံးပုံဆောင် ဆရာတော်တစ်ပါးအဖြစ် ထွက်ပေါ်လာခဲ့သည်။ တိပိဋက စာမေးပွဲ စတင်ကျင်းပသည့် ၁၉၄၈ ခုနှစ်မှ ယနေ့ထိ နိုင်ငံတော်အစိုးရက နှစ်စဉ်မပျက်မကွက် ကျင်းပခဲ့ရာ ၆၂နှစ်တာ ကာလအတွင်း ယခုဆရာတော် အပါအဝင် ပိဋကသုံးပုံစလုံးအား သဘောရေးဖြေနှင့် အလွတ်အာဂုံဆောင် အောင်မြင်ခဲ့သည့် ဆရာတော်အရေအတွက်မှာ ၁၂ ပါးသာ ပေါ်ထွန်းသေးကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၂၃ရက်နေ့ထုတ် မြန်မာတိုင်း(မ်) ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ကမ္ဘောဇဘဏ် ဘဏ်ခွဲသစ် ၁၀ခု တိုးချဲ့ဖွင့်လှစ်မည်

၁၆ နှစ်ကြာမြင့်ပြီဖြစ်သည့် ကမ္ဘောဇဘဏ်လီမိတက်သည် မကြာမီ နောက်ထပ်ဘဏ်ခွဲသစ် ၁၀ ခုအထိ တိုးချဲ့ဖွင့်လှစ်ရန် စီစဉ်နေကြောင်း အဆိုပါဘဏ်မှ အဆင့်မြင့်အရာရှိကြီးတစ်ဦးက ပြောသည်။ လက်ရှိဘဏ်ခွဲပေါင်း ၃၉ ဘဏ်ရှိပြီး ဝန်ထမ်းအင်အား ၃၀၀၀ ကျော်ဖြင့် လည်ပတ်လျက်ရှိကာ ဘဏ်ခွဲသစ်များအတွက် ဝန်ထမ်းများ တိုးမြှင့်ခေါ်ယူသွားမည်ဟု အဆိုပါဘဏ် ဒုတိယဥက္ကဋ္ဌ ဦးသန်းလွင် ကပြောသည်။ တိုးချဲ့ဖွင့်လှစ်မည့် အဆိုပါဘဏ်ခွဲများအတွက် စီးပွားရေးဘာသာရပ်နှင့် စာရင်းအင်းဘာသာရပ်များတွင် မဟာဘွဲ့ရလူငယ်များကို ဦးစားပေးရွေးချယ်ခန့်ထားသွားမည် ဖြစ်ကြောင်း ၎င်းကပြောသည်။ ဘဏ်ခွဲသစ်များကို ရန်ကုန်၊ မန္တလေးတို့တွင် တိုးချဲ့ဖွင့်လှစ်သွားမည့်အပြင် စီးပွားရေးအရ အချက်အချာကျသည့် အခြားမြို့ကြီးများတွင်လည်း ဖွင့်လှစ်ရန် စီစဉ်လျက်ရှိသည်။ ဦးသန်းလွင်က မြန်မာနိုင်ငံသည် ဘဏ်များတိုးချဲ့ဖွင့်လှစ်ရန် လိုအပ်နေသေးကြောင်းနှင့် " မြန်မာနိုင်ငံမှာက ပုဂ္ဂလိကဘဏ်ခွဲ စုစုပေါင်း ၂၀၀ ကျော်ပဲရှိပါတယ်။ သူများနိုင်ငံတွေဆိုရင် ဘဏ်ခွဲပေါင်း ထောင်သောင်းချီရှိနေပါတယ် " ဟု ပြောကြားခဲ့ကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၂၃ရက်နေ့ထုတ် မြန်မာတိုင်း(မ်) ဂျာနယ်တွင် ဖော်ပြထားပါသည်။

# ပညာရှိအဆိုအမိန့်

အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)

<u>အနှိုင်းပိုက်ကွန်</u>

တချို့က ရှေးအတိတ်မှာ ဘဝတွေဖြစ်ခဲ့ဖူးတယ်ဆိုတာကိုလည်း မယုံကြည်ကြပါဘူး။ နောက်နောက်အနာဂတ်မှာ ဘဝတွေဆက်ကာဆက်ကာ ဖြစ်ရဦးမယ်ဆိုတာကိုလည်း မယုံကြည်ကြပါဘူး။ ဗုဒ္ဓတရားတော်တချို့ကို ဗုဒ္ဓရဲ့ဆိုလိုရင်းအဓိပ္ပါယ် နားမလည်ဘဲ လိုရာဆွဲကိုးကားပြီး " ရှေးဘဝ နောက်ဘဝ ဗုဒ္ဓမဟောဖန်ဘူး " လို့တောင် တလွဲဝါဒဖြန့်ကြပါတယ်။ ဘဝဆိုတာ ပုခက်နဲ့ ခေါင်းကြားမှာပဲ ရှိတယ်လို့ ယူဆကြပါတယ်။ သူတို့ရဲ့ မောဟပိုက်ကွန်ကို ရှေးဘဝ နောက်ဘဝ နှစ်ခုလုံးကိုမသိတဲ့ (မသိအောင်ဖုံးလွှမ်းထားတဲ့) မောဟပိုက်ကွန်လို့ ခေါ်ပါတယ်။

တကယ်တော့ ဒီပိုက်ကွန်သုံးထပ်ကလည်း အောက်ဆုံးထပ်ပိုက်ကွန်နဲ့ တိုက်ရိုက်ဆက်စပ်ယှက်နွယ်နေပါတယ်။ ကံနဲ့ကံရဲ့ အကျိုးကို ပိုင်ပိုင်နိုင်နိုင်မသိတဲ့သူ၊ ကျေကျေနပ်နပ် သဘောမပေါက်တဲ့သူဟာ ရှေးဘဝ နောက်ဘဝဆိုတဲ့ ပရဘဝတွေကို ပစ်ပယ်ဖို့လုံးဝ ဝန်လေးတော့မှာ မဟုတ်ပါဘူး။ ကိုးထပ်ချုပ်မောဟပိုက်ကွန်ကြီးရဲ့ နောက်ဆုံးအထပ်ငါးထပ်ကတော့ သစ္စာလေးပါးကိုမသိတဲ့ (မသိအောင်ဖုံးလွှမ်းထားတဲ့) မောဟလေးမျိုးနဲ့ ပဋိစ္စသမုပ္ပါဒ်ကိုမသိတဲ့ (မသိအောင်ဖုံးလွှမ်းထားတဲ့) မောဟတို့ပဲ ဖြစ်ပါတယ်။

သစ္စာလေးပါးကို မသိတဲ့ မောဟလေးမျိုးကတော့ " ရုပ်နာမ်ခန္ဓာ မှန်သမျှ ဆင်းရဲအမှန် (ဒုက္ခသစ္စာ)ပဲ၊ အာရုံတွေ၊ ဘဝတွေအပေါ် သာယာတပ်မက်တဲ့ တဏှာမှန်သမျှ ဆင်းရဲကြောင်းအမှန် (သမုဒ္ဒယသစ္စာ)ပဲ၊ ရုပ်နာမ်မဖြစ်တဲ့၊ ရုပ်နာမ်လုံးဝမရှိတဲ့ နိဗ္ဗာန်ဟာ ဆင်းရဲချုပ်ငြိမ်းရာအမှန် (နိရောဓသစ္စာ)ပဲ၊ သမ္မာဒိဋ္ဌိစတဲ့ မဂ္ဂင်ရှစ်ပါး၊ သတိပဋ္ဌာန်စတဲ့ အကျင့်တရားဟာ ဆင်းရဲချုပ်ငြိမ်းကြောင်းအမှန် (မဂ္ဂသစ္စာ)ပဲ " လို့ မသိတဲ့ မောဟတွေပါပဲ။

ပဋိစ္စသမုပ္ပါဒ်ကို မသိတဲ့ မောဟကတော့ " မသိမှု အဝိဇ္ဇာစတဲ့ အကြောင်းတရားကြောင့် ပြုလုပ်အားထုတ်မှု သင်္ခါရစတဲ့ အကျိုးတရားဖြစ်ပေါ်လာတယ်၊ မသိမှု အဝိဇ္ဇာစတဲ့ အကြောင်းတရားချုပ်ရင် ပြုလုပ်အားထုတ်မှု သင်္ခါရစတဲ့ အကျိုးတရားချုပ်တယ် " လို့ သံသရာစက်လည်ပတ်ပုံ၊ သံသရာစက်ချုပ်ပြတ်ပုံကို မသိတဲ့ မောဟပါပဲ။

ကိုးထပ်ချုပ်မောဟပိုက်ကွန်ကြီးမှာ အထူစား၊ အကြမ်းစားအထပ်နဲ့ အပါးစား၊ အနုစားအထပ်လို့ အထပ်နှစ်မျိုး ရှိပါတယ်။ အောက်ဆုံးလေးထပ်က အထူစား၊ အကြမ်းစားအထပ်တွေဖြစ်ပြီး၊ အပေါ်ငါးထပ်က အပါးစား၊ အနုစားအထပ်တွေဖြစ်ပါတယ်။

အထူစား၊ အကြမ်းစား မောဟပိုက်ကွန်တွေကိုတော့ သူတော်ကောင်းတရား နာကြားဖတ်ရှုခြင်း၊ မိမိလက်လှမ်းမီရာ လူသားတွေရဲ့ဘဝ တစ်ယောက်နဲ့ တစ်ယောက် မတူညီတာကို ထောက်ရှုခြင်း၊ ကံ၊ကံရဲ့ အကျိုးဆိုင်ရာ ၊ တမလွန်ဘဝဆိုင်ရာ ကိုယ်တွေ့အဖြစ်အပျက်တွေကို လေ့လာသုံးသပ်ခြင်းအားဖြင့် ဖြတ်တောက်ဖျက်ဆီးပစ်ရပါမယ်။

ကံနဲ့ကံရဲ့ အကျိုးကိုလည်း ယုံကြည်ပြီး ရှေးဘဝ၊ နောက်ဘဝကိုလည်း ယုံကြည်ပြီ၊ ယုံကြည်တဲ့အတိုင်းလည်း မကောင်းမှုအကုသိုလ်မှန်သမျှ ရှောင်ကြဉ်ပြီ၊ ကောင်းမှုကုသိုလ်မှန်သမျှ စွမ်းနိုင်သလောက်ပြုပြီဆိုရင် မိမိရဲ့ မောဟပိုက်ကွန် တော်တော်လေး ပါးသွားပါပြီ။

အပါးစား၊ အနုစားပိုက်ကွန်တွေက ပါးပေ၊ နုပေမယ့် ပြတ်အောင်ဖြတ်ဖို့ သိပ်မလွယ်ကူလှပါဘူး။ တော်တော်ခက်ခက်ခဲခဲ ဖြတ်ဖောက်မှ ပြတ်တောက်သွားနိုင်ပါတယ်။

သစ္စာလေးပါးနဲ့ ပဋိစ္စသမုပ္ပါဒ်ကို စာပေဖတ်ရှု၊ တရားနာကြားပြီး စာတွေ့၊ နာတွေ့ သိတာမျိုးမဟုတ်ဘဲ (စက်ဝိုင်းထောက် ရှင်းပြတဲ့ ဆရာ့အပြောနဲ့ လွှမ်းနေတဲ့ အသိမျိုးမဟုတ်ဘဲ) ပေါ်ဆဲရုပ်နာမ်ကို ပေါ်ဆဲအခိုက်မှာ သတိပဋ္ဌာန်နည်းကျ ဝိပဿနာကိုယ်တိုင်ရှုပွားလို့ ငါတွေ့သိကြတဲ့ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် အရိယာပုဂ္ဂိုလ်တွေတောင်မှ မောဟပိုက်ကွန်ကို ပါးသထက်ပါးလုပ်အောင်ပဲ တတ်နိုင်ကြပါသေးတယ်။ လုံးဝပြတ်တောက်သွားအောင် မစွမ်းဆောင်နိုင်ကြသေးပါဘူး။

ရဟန္တာဖြစ်မှပဲ မောဟပိုက်ကွန် လုံးဝပြတ်တောက်သွားပါတယ်။ ရဟန္တာမဖြစ်သေးသမျှတော့ ကုသိုလ်ပြုနေဆဲ အခိုက်အတန့်ခဏလေးမှာတောင် မောဟပိုက်ကွန်က ငြိမ်သက်ကိန်းဝပ် အငုပ်ခါတ်အနေနဲ့ ရစ်ပတ်ချုပ်နှောင်ထားဆဲပါပဲ။

လူနတ်စည်းစိမ်ကို တောင့်တပြီးပြုတဲ့ ဝဋ္ဋမှီကုသိုလ်မှာပဲဖြစ်ဖြစ်၊ ဝဋ္ဋကင်းရာနိဗ္ဗာန်ကို တောင့်တပြီးပြုတဲ့ ဝဋ္ဋရှန်းကုသိုလ်မှာပဲဖြစ်ဖြစ် မောဟပိုက်ကွန်က အနုသယဓါတ်နဲ့ ကိန်းဝပ်ချုပ်နှောင်ထားပါတယ်။ ပဋ္ဌာန်းသဘောနဲ့ ပြောရရင်တော့ ပကတူပနိဿယသတ္တိနဲ့ မောဟက ကုသိုလ်အားလုံးကို ကျေးဇူးပြုနေပါတယ်။

မောဟကြောင့် ဝဋ္ဋမှီကုသိုလ်ရော၊ ဝဋ္ဋရှန်းကုသိုလ်ရော ဖြစ်တတ်တယ်ဆိုမှတော့ အကုသိုလ်လည်း ဖြစ်တယ်ဆိုတာ အထူးပြောစရာ မလိုတော့ပါဘူး။ မောဟကြောင့် ကုသိုလ်၊ အကုသိုလ်ဖြစ်တာကိုပဲ ပဋိစ္စသမုပ္ပါဒ်မှာတော့ " အဝိဇ္ဇာပစ္စယာ သင်္ခါရာ " လို့ ဆိုထားပါတယ်။

မောဟပိုက်ကွန်ရဲ့ အရစ်အပတ် အချုပ်အနှောင်ခံနေရသမျှတော့ သံသရာဝဋ္ဋဆင်းရဲထဲကနေ ဘယ်လိုနည်းနဲ့မှ မလွတ်မြောက်နိုင်ပါဘူး။ " မသိတော့ လိုချင်၊ လိုချင်တော့ စွဲလမ်း၊ စွဲလမ်းတော့ ပြုလုပ်၊ ပြုလုပ်တော့ ရ၊ ရတော့ ဒုက္ခ " ဆိုတဲ့အတိုင်း အသိမှုမောဟက စတဲ့ သံသရာစက် ရဟတ်ကြီး မဆုံးနိုင် မရပ်နိုင် လည်ပတ်နေဦးမှာပါပဲ။

သစ္စာလေးပါးနဲ့ ပဋိစ္စသမုပ္ပါဒ်ကို မသိမမြင်အောင် ဖုံးကွယ်ထားတဲ့ အပါးစား၊ အနုစား မောဟပိုက်ကွန်ကို အကြွင်းမဲ့ ပြတ်တောက်အောင် ဖြတ်ဖောက်နိုင်တဲ့ တစ်ခုတည်းသော လက်နက်ကတော့ အပ္ပမာဒတရားပါပဲ။

မသိမှု မောဟတရားဟာ မေ့မှု ပမာဒတရားကြောင့် ဖြစ်တာမို့ မသိမှု မောဟတရားရဲ့ ဆန့်ကျင်ဘက် သိမှု ဝိဇ္ဇာဖြစ်ဖို့အတွက် မေ့မှု ပမာဒတရားရဲ့ ဆန့်ကျင်ဘက် မမေ့မှု အပ္ပမာဒတရားကို အခိုင်အခံ့ တည်ဆောက်ဖို့ လိုအပ်ပါတယ်။ မေ့နေရင် မသိပါဘူး။ မမေ့မှ သိပါတယ်။ " မေ့နေရင် မသိ၊ မမေ့မှ သိ " ဆိုတဲ့ အချက်နဲ့ ပတ်သက်ပြီး မြတ်စွာဘုရားရှင်လက်ထက်တုန်းက အဖြစ်အပျက်ကလေးတစ်ခုကို အကျဉ်းချုံးပြီး ပြောပြချင်ပါတယ်။

ဆက်ရန်

# ဟာသ

## စိတ်ချလက်ချ

အရင်တစ်ပတ်က လေယာဉ်စီးရင်း ကျွန်တော်နလုံးရောဂါထတော့မလို့ဗျာ။ ပိုင်းလော့ရဲ့ အခန်းတံခါးမှာ ရေးထားတဲ့စကို ကျွန်တော်သတိထားမိတော့ "အမောင်းသင်ပိုင်းလော့"တဲ့။

## အမြန်ခေတ်

ယခုအခါ အလွန်ကျယ်ဝန်းတဲ့ အမေရိကန်ပြည်ထောင်စုကို လူတစ်ယောက်က ရှစ်နာရီနဲ့ ဖြတ်သန်းသွားနိုင်ပြီဖြစ်ပါတယ်။ လေယာဉ်နဲ့ဖြတ်သန်းပျံဖို့က လေးနာရီ၊ လေဆိပ်သွားတာက လေးနာရီ။

## စောင့်နေတာ

မနက်စောစောစီးစီး ၃း၀၀နာရီမှာ လူတစ်ယောက်ပလက်ဖောင်းပေါ် ခေါက်တုံ့ခေါက်ပြန်လျှောက်နေတာကို ရဲအရာရှိကတွေ့တယ်။ "ဒီမှာဘာလုပ်နေတာလဲ"မေးတယ်။
"ကျွန်တော်အိမ်သော့မေ့ကျန်နေရစ်လို့ပါခင်ဗျာ၊ ကျွန်တော့်ကလေးတွေ အိမ်အပြန်ကို စောင့်နေတာ၊ အတူတူအိမ်ထဲဝင်မယ်လေ"

## အသံတိတ်

လေယာဉ်မယ်။ ။ ဝမ်းနည်းပါတယ် မစ္စတာဂျုံး၊ လူကြီးမင်းရဲ့ဇနီးကို ချီကာဂိုမှာ ကျွန်မတို့ ချန်ထားခဲ့မိပါတယ်။
လူကြီး။ ။ ဟာ ဟုတ်လား၊ ကျွန်တော်က ကျွန်တော်နားလေးနေပြီလို့ ထင်ထားတာ။

## ၁၃ဂဏန်း

အိမ်ဖောက်သူ။ ။ ရဲတွေလာပြီ၊ ပြတင်းပေါက်ကချက်ချင်းခုန်ချကြ။
အပေါင်းအဖော်။ ။ ငါတို့က ၁၃ထပ်မှာကွ။
အိမ်ဖောက်သူ။ ။ ဒီအချိန်က အယူသီးရမယ့်အချိန်မဟုတ်ဘူး။

# ပေဒင်

## ဧပြီ ၂၁ ရက် မှ မေ ၂၁ ရက် ကဆုန်လ (TAURUS) (ပြိဿရာသီဖွား)

July 23th မှ July 29th ကြား

သုံးသပ်ချက်မှန်ကန်မည်။ အခွင့်ကောင်းများရမည်။ ပေါ်ထွန်းလာမည့်အခြေအနေအရပ်ရပ်သည် ဘဝတွင်ပိုမိုမြင့်မားသော အခြေအနေတစ်ရပ်ရရှိမည်။ အခက်အခဲများကျော်လွှားနိုင်မည်။ ကိုယ်ပိုင်အရည်အသွေးမြင့်မားမည်။ မူလစိတ်ကူးထားသည်နှင့် လက်တွေ့ဆောင်ရွက်မှုပုံစံမတူလင့်ကစား ထူးခြားသော အခြေအနေကောင်းများရရှိမည်။ ရုံးရောက်၊ ဂတ်ရောက်ဝင်ရောက်ဖြေရှင်းရခြင်းများရှိမည်။ ချော်လဲ၍ အကြောအဆစ်ကိုက်တတ်သည်။ အလုပ်ကိစ္စများတွင် လုပ်နေကျမဟုတ်သော အလုပ်ကိစ္စကို ဆောင်ရွက်ရင်း တိုးတက်ခြင်းကို အခိုင်အမာရရှိမည်။ ကိုယ့်အပေါ်အသုံးချ အမြတ်ထုတ်သူနှင့်တွေ့မည်။ အမည်အတွင်း( က၊ ခ၊ သ၊ ဟ၊ င)ပါသောသူများအား သတိနှင့်ဆက်ဆံပါ။

## ဖေဖော်ဝါရီ ၁၉ ရက် မှ မတ် ၂၀ ရက် တပေါင်းလ (PISCES (မိန်ရာသီဖွား)

July 23th မှ July 29th ကြား

တိုးတက်အောင်မြင်သော အနေအထားရှိ၏။ ကိုယ်ပိုင်အစွမ်းအစကို အသုံးချပြီး တက်လမ်းရမည်။ အလုပ်ချဲ့ထွင်၍ တိုးတက်မည်။ ရည်မှန်းချက်သစ်များ အကောင်အထည်ဖော်နိုင်မည်။ ယှဉ်ပြိုင်မှုများ အောင်မြင်မည်။ လုပ်ကိုင်နေကျ မဟုတ်သောကိစ္စများ ဆောင်ရွက်ရမည်။ လုပ်ငန်းခွင်မှသူများ အလုပ်ပိုများ လုပ်ရမည်။ ပညာရှာသူများ အထူးကံမြင့်နေသည်။ အတတ်ပညာကို အခြေတည်၍ တိုးတက်ခြင်းကြုံမည်။ လူမျိုးကွဲ အကျိုးပေးမည်။ မိဘ၊ အကြီးအကဲ ကျန်းမာရေးအညံ့ရှိသည်။ စွန့်စားပြီး လုပ်လိုက်သောကိစ္စများမှ ထူးခြားသော အကျိုးဆက်ရမည်။ အမည်အတွင်း (အ၊ဥ၊ရ၊လ၊ဝ) ပါသူများကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရမည်။

## မတ် ၂၁ ရက် မှ ဧပြီ ၂၀ ရက် တန်ခူးလ (ARIES) (မိဿရာသီ)

July 23th မှ July 29th ကြား

စုပေါင်းလုပ်ငန်းအကျိုးပေးမည်။ မိတ်ကောင်းဆွေကောင်းများ တိုးပွားမည်။ အရေးကြီးသည့် ကတိစာချုပ်များ လက်မှတ်ရေးထိုးရမည်။ ဆေးရုံ၊ ဆေးခန်းရုတ်တရက် ရောက်ရှိနိုင်သည်။ ရုတ်တရက် ဆေးဝါးကုသရခြင်းများ အဆင်ပြေသွားမည်။ သွား၊ သွားဖုံး ဒုက္ခပေးတတ်သည်။ ဝေးလံသောဒေသများသို့ သွားရောက်ရခြင်းကြုံမ်။ မိသားစုအတွက် အလှူမင်္ဂလာကိစ္စများကြုံမည်။ အလုပ်စီးပွားသစ်များကို လက်တွေ့အကောင်အထည်ဖော်၍ တိုးတက်မှုများရမည်။ အိုးအိမ်ကိစ္စ၊ နေရာထိုင်ခင်းကိစ္စအတွက် စကားပြောဆိုရခြင်းကြုံမည်။ မတော်တဆ ထိခိုက်မှုအန္တရာယ် သတိရှိပါ။ တစ်ဦးထက်ပိုသော မေတ္တာရေးကိစ္စများ ပေါ်ပေါက်ကာ အရှုပ်အထွေးများ ကြုံလာမည်။ လုပ်ငန်းခွင်အတွင်းထူးခြားသော အပြောင်းအလဲများရှိမည်။ ဦးတည်ချက်သစ်၊ ပုံစံသစ်များနှင့် လုပ်ကိုင်ဆောင်ရွက်ရင်း အောင်မြင်ခြင်းကြုံမည်။

## ဒီဇင်ဘာ ၂၂ ရက် မှ ဇန်နဝါရီ ၂၀ ရက် ပြာသိုလ (CAPRICORN) (မကာရရာသီဖွား)

July 23th မှ July 29th ကြား

လူမှုရေးကိစ္စများ ရှုပ်ထွေးနေတတ်သည်။ အိမ်တွင်းမိသားစုရေးတွင်လည်း မကြေခဏစကားများ၍ အိမ်ပူမည်။ အလုပ်စီးပွားရေးတွင် စိတ်တိုင်းကျမလုပ်နိုင်။ အခြေအနေပေးသည့်အပေါ် လုပ်ကိုင်နေရသော အနေအထားရှိမည်။ အရောင်းအဝယ်ကိစ္စများကို သတိနှင့်ဆောင်ရွက်ပါ။ ရောင်းမှားဝယ်မှားပြဿနာ ဖြစ်တတ်သည်။ စာရွက်စာတမ်းကိစ္စ၊ ငွေကြေးကိစ္စများလုပ်ဆောင်ရာတွင် ယခင်ရှုပ်ထွေးထားသောကိစ္စများကို ပြန်ဖြေရှင်းပြီးမှ ရှေ့ဆက်ဆောင်ရွက်ပါ။ မတော်တဆထိခိုက်မှုသတိရှိရမည်။ စက်ပစ္စည်းအဝင်မတော်။ အမှုပြဿနာများကို လိုက်လံသက်သေလိုက်ဖြေရှင်းပေးရမည်။ လူလိမ်လူရှုပ်များနှင့် ဆက်ဆံရမည်။

## နိုဝင်ဘာ ၂၃ ရက် မှ ဒီဇင်ဘာ ၂၁ ရက် နတ်တော်လ (SAGITTARIUS) (ဓနုရာသီဖွား)

July 23th မှ July 29th ကြား

ဘဝအခြေအနေ၊ အဆင့်အမြင့်သို့ တိုးတက်မည်။ အတိုက်အခံကြားမှ အောင်မြင်မှုများရရှိမည်။ မူလရှိရင်းစွဲ လမ်းကြောင်းအားလုံးမှ ခွဲထွက်၍ကောင်းသော တက်လမ်းရမည်။ ဖရိုဖရဲနှင့် ထင်ရာစိုင်းပြီး လုပ်နေရာမ တိုးတက်သွားမည်။ အိမ်တွင်ဖြစ်စေ၊ လုပ်ငန်းတွင်ဖြစ်စေ အလုပ်သမားမမြဲ။ အလောတကြီး ဆောင်ရွက်မှုများကြောင့် အခွင့်ကောင်းများ ဆုံးရှုံးပြီး ဘဝတိုးတက်မှုများ နှောင့်နှေးသွားတတ်သည်။ ရှုပ်ထွေးနေသော အခြေအနေကြားမှ တက်လမ်းရှာဖွေရမည်။ လူမျိုး၊ ဘာသာ၊ ဓလေ့၊ အစဉ်အလာမတူ ခြားနားသောသူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများမှ ထူးခြားသောကံအခွင့်အလမ်းများ ပေါ်ထွန်းမည်။ ခရီးကိစ္စအဆင်ပြေမည်။ ပြတ်နေသော အဆက်အသွယ်များနှင့် ပြန်လည်ဆုံစည်းမည်။ လုပ်သမျှ လူသိထင်ရှားဖြစ်မည်။

## အောက်တိုဘာ ၂၄ ရက် မှ နိုဝင်ဘာ ၂၂ ရက် တန်ဆောင်မုန်းလ (SCORPIO) (ဗြိစ္ဆာရာသီ)

July 23th မှ July 29th ကြား

ပီယခါတ်ကောင်းနေသည်။ လူချစ်လူခင်ပေါ်များမည်။ ပြောရေဆိုရေး အောင်မြင်မည်။ အကူအညီပေးသောသူများနှင့်ကြုံမည်။ တစ်ဦးထက်ပိုသော အချစ်ကိစ္စများ ကြုံမည်။ ပြန်မဆုံဟု ထင်မှတ်ထားသော ချစ်သူဟောင်းများနှင့် ပြန်လည်ဆုံစည်းရခြင်းကြုံမည်။ ပြဿနာအခက်အခဲများ၊ အနှောင့်အယှက်များကို ကျော်လွှား၍ တက်လမ်းအထင်အရှားရမည်။ ပျိုရွယ်သူများအဖို့ သေချာပေါက်အိမ်ထောင်ပြုမည်ဟု ယူဆထားသူရှိလျှက်နှင့် ရုတ်တရက်ပေါ်ပေါက်လာသော စန်းအပေါ် စိတ်ညွှတ်သွားပြီးနောက် ရည်ရွယ်သူမဟုတ်ဘဲနှင့် ရုတ်တရက်အိမ်ထောင်ကျကိန်း ကြုံလိမ့်မည်။ စိတ်အနှောင့် အယှက်ဖြစ်ရလိမ့်မည်။ အလုပ်ကိစ္စ၊ စီးပွားရေးရာကိစ္စများတွင် ရန်အနှောင့်အယှက်ပြုသူများနှင့်ပင် ပြေလည်၍ ပူးပေါင်းအဆင်ပြေကိန်းကြုံမည်။

## စက်တင်ဘာ ၂၃ ရက် မှ အောက်တိုဘာ ၂၃ ရက် သီတင်းကျွတ်လ (LIBRA) (တူရာသီဖွား)

July 23th မှ July 29th ကြား

ဆောင်ရွက်မှုမှန်သမျှ အလိုရှိသလောက်ပြည့်မောက်၍ အလုပ်ကိစ္စ၊ ငွေကြေးကိစ္စအလုံးစုံအောင်မြင်အောင် ဆောင်ရွက်နိုင်ခြင်းရှိမည်။ တစ်ပါးသူကြောင့် ဖြစ်ပေါ်သော ပြဿနာများကို ဖြေရှင်းနိုင်မည်။ ဆုံးဖြတ်ပြီးကိစ္စများကို ရှေ့တိုးဆောင်ရွက်ပါ။ တစ်ပိုင်းတစ်စ ဆိုင်းငံ့ထားသော ကိစ္စများကို အပြီးသတ်အောင် ဆောင်ရွက်နိုင်သည်။ ဆုံးရှုံးထားသောငွေကြေး၊ ပစ္စည်းများ လက်ဝယ်ပြန်ရမည်။ လူသစ်ဝန်းကျင်သစ်များနှင့် ဆက်ဆံရမည်။ လမ်းသစ်ထွင်ပြီး ဆောင်ရွက်သူများမှ ထင်ရှားသော အကျိုးဆက်ရမည်။ မတော်တဆထိခိုက်မှုသတိရှိရမည်။ လေခါးအတက်အဆင်း၊ ယာဉ်၊ ကားအတက်အဆင်းများတွင် လဲပြိုတတ်၍ ရင်၊ ခါးထိခိုက်တတ်သည်။ အိုးအိမ်ကိစ္စအတွက် စကားပြောဆိုရမည်။ စကားအောင်မည်။

## မေ ၂၂ ရက် မှ ဇွန် ၂၁ ရက် နယုန်လ (GEMINI) (မေထုန်ရာသီဖွား)

July 23th မှ July 29th ကြား

ပြဿနာဟောင်းများကို ဖြေရှင်း၍ ဘဝတိုးတက်မှု အနေအထားကောင်းကို ရမည်။ လွန်ခဲ့သော နှစ်လတာ ကာလအတွင်း ကြန့်ကြာနေသောကိစ္စများ အဆင်ပြေမည်။ ရသင့်သည်များ ပြန်ရမည်။ ရှေ့တိုးမရ၍ ဆိုင်းငံ့ထားသောအလုပ် အကြံအစည်များ အလုံးစုံ အဆင်ပြေသော အခြေအနေကောင်းကို ပြန်လည်ရရှိမည်။ ခရီးကိစ္စနှင့် နေရာအပြောင်းအလဲကိစ္စတို့အတွက် ပြောဆိုဆောင်ရွက်ရန် အခါသင့်သည်။ ပျိုရွယ်သူများ အချစ်ရေး၊ မေတ္တာရေးတွင် စိတ်ရှုပ်စရာများကြုံမည်။ အမှန်တကယ် ရည်စူးသူရှိလျှက်နှင့် စိတ်ကစားစိတ်များပြီး အပျော်အပျက် ပေါ့ပေါ့တန်တန်အချစ် အနှောင့်အယှက်ဝင်ရာမှ မူလအမှန်အကန် အချစ်ရေးကိစ္စ ပျက်ယွင်းခြင်း ကြုံနိုင်သည်။ လူမျိုးကွဲ၊ လူမျိုးခြား အကျိုးပေးမည်။

## ဩဂုတ် ၂၄ ရက် မှ စက်တင်ဘာ ၂၂ ရက် တော်သလင်းလ(VIRGO)(ကန်ရာသီဖွား)

July 23th မှ July 29th ကြား

အလိုအလျောက်တွေဝေနေမည်။ အရာရာအပေါ် တစ်ဆုံးတစ်စတွေး၍ ဆုံးဖြတ်ချက်ချရန် ခက်ခဲနေမည်။ ပြတ်ပြတ်သားသားလုပ်ကိုင်နိုင်ခြင်းမရှိ။ သူတစ်ပါးက ဝေဖန်မည်ကို တွေးတောစိုးရိမ်မှုကြောင့် အရာရာ ထိန်းချုပ်နေရသလိုကြုံပြီး စိတ်ရှုပ်ထွေးနေရမည်။ ရှေ့ရေးတွင် အကျိုးမရှိသည့် အလားအလာအလွန်နည်းသော လုပ်ငန်းလုပ်ကိုင်နေခြင်းကို ရပ်တန့်လိုက်ပါ။ အခြေအနေသစ်ကို ဦးတည်ပြီးလုပ်ကိုင်ပါ။ စာရွက်စာတမ်းကိစ္စ၊ ငွေကြေးကိစ္စများတွင် အထူးသတိထား၍ ဆောင်ရွက်ပါ။ ငွေကြေးအပေးအယူကိစ္စများတွင် စနစ်တကျစစ်ဆေးပြီးမှ ပေးခြင်း၊ ယူခြင်းပြုပါ။ ငွေကို စည်းမဲ့ကမ်းမဲ့စာရင်းမရှိဇယားမရှိ ကိုင်တွယ်ခြင်းကြောင့် စိတ်အနှောင့်အယှက်များကြုံရမည်။ ခရီးစဉ်တစ်ခုအား အချိန်ရွှေ့ဆိုင်းရခြင်းရှိမည်။ ဆွေမျိုးဒုက္ခပေးမည်။ အိုးအိမ်ကိစ္စ၊ နေရာထိုင်ခင်းကိစ္စအတွက် စကားများရမည်။

## ဇူလိုင် ၂၃ ရက် မှ ဩဂုတ် ၂၃ ရက် ဝါခေါင်လ (LEO) (သိဟ်ရာသီဖွား)

July 23th မှ July 29th ကြား

ဆုံးရှုံးနစ်နာမှုများ ကြုံနိုင်သည်။ စီစဉ်ဆောင်ရွက်ထားသည်များ မှန်းထားသည့်အတိုင်းမဖြစ်။ တစ်ပါးသူ ပေါ့လျော့မှုကြောင့်ဖြစ်စေ၊ အတူတကွ တွဲဖက်လုပ်သူများသစ္စာမဲ့၍ဖြစ်စေ ကစဥ့်ကလျားဖြစ်တတ်သည်။ ငွေကြေးအကုန်အကျများမည်။ ပစ္စည်းဆုံးရှုံးမှုများမည်။ ဦးတည်လုပ်ကိုင်သည့်လုပ်ငန်းကိစ္စများကို လိုက်လံနှောင့်ယှက်တားဆီးပိတ်ဆို့သောသူများနှင့် တွေ့မည်။ ဝင်သမျှငွေပြန်ထွက်မည်။ ခရီးကွာခြားသောသူများနှင့် အငြင်းပွားပြီး ပူးတွဲလုပ်ရခြင်းမျိုး ကြုံမည်။ အမှုအခင်းဖြစ်လွယ်သည်။ ဥပဒေနှင့်မကင်းသော ကိစ္စမှန်သမျှရှောင်ပါ။ ဆက်ဆံနေသော ဝန်းကျင်အတွင်း ကောင်းသောအပြောင်းအလဲများရှိမည်။ မိဘအကြီးအကဲ၊ ဆွေမျိုးအကြီးအကဲများ၏ ကျန်းမာရေးအတွက် စိတ်ပူသောက ရောက်ကိန်းရှိသည်။

## ဇွန် ၂၂ ရက် မှ ဇူလိုင် ၂၂ ရက် ဝါဆိုလ (CANCER) (ကရကဋ်ရာသီ)

### July 23th မှ July 29th ကြား

မတော်တဆထိခိုက်မှု အန္တရာယ်ဂရုစိုက်ပါ။ အရက်သေစာသောက်စားနေကျ မဟုတ်သောသူများ အပျော်လွန်၍ သောက်စားခြင်းမပြုသင့်။ အထူးသဖြင့် အမဲသားဟင်းလျာနှင့် အရက်သေစာပူးတွဲ သုံးစွဲခြင်းပြုက အန္တရာယ်ကြီးစွာ ကြုံတတ်သည်။ အိမ်တွင်းရေး၊ လူမှုရေးအပူပြဿနာများ ကြုံမည်။ အလုပ်ကိစ္စများ ဆောင်ရွက်ရာတွင် အထူးသတိရှိပါ။ ဖြစ်ပေါ်လာသော အမှားအားထောက်၍ ဘဝအခြေအနေ နိမ့်ပါးသွားအောင် ဒုက္ခပေးသူများနှင့် တွေ့မည်။ အနီးကပ်လူ ဒုက္ခပေးမည်။ ကတိပျက်ယွင်းသောသူများ၊ လူလိမ်လူကောက်များနှင့် ဆက်ဆံရသောကြောင့် နစ်နာဆုံးရှုံးစရာများ ကြုံမည်။ ရှောင်ရှားနေသည့် ရန်အနှောင့်အယှက်များ ရှောင်မရဘဲ ထိပ်တိုက်ပြဿနာဖြစ်မည်။ မိသားစု ကျန်းမာရေး ချူချာမည်။

## ဇန်နဝါရီ ၂၁ ရက် မှ ဖေဖော်ဝါရီ ၁၈ ရက် တပို့တွဲလ (AQUARIUS) (ကုမ်ရာသီဖွား)

### July 23th မှ July 29th ကြား

အကြံအစည်အောင်မည်။ လာဘ်ပွင့်မည်။ အလိုပြည့်စုံမည်။ အရေးပါသောဆုံးဖြတ်ချက်များ ချမှတ်ရမည်။ အလုပ်ကိစ္စ စကားပြောရမည်။ စကားအောင်မည်။ အပြောင်းအလဲကိစ္စ အဆင်ပြေမည်။ လူမျိုးကွဲအကျိုးပေးမည်။ နေရာပြောင်း၍ လုပ်ခြင်းမှ တိုးတက်မည်။ လူသစ်များနှင့် ဆက်ဆံရမည်။ မတော်တဆထိခိုက်မှု ဖြစ်တတ်သည်။ ယာဉ်ကားမောင်းနှင်မှုသတိရှိပါ။ ဦးတည်ချက်ပြောင်း၍ စိတ်ကူးသစ်နှင့် ပုံဖော်ဆောင်ရွက်သောကိစ္စမှ တိုးတက်မှုများ အဆင့်ဆင့်ဖြစ်ပေါ်မည်။ မူလတစ်ကြိမ်တစ်ခါမှ ဆောင်ရွက်ဖူးခြင်းမရှိသေးသော လုပ်ငန်းသစ်များကိုလုပ်၍ ကောင်းသောတက်လမ်းများဖြစ်မည်။ စိတ်ဆန္ဒနှင့် အကြံအစည်မှန်သမျှ အောင်မြင်သွားမည်။ လူမျိုးကွဲ၊ လူမျိုးခြားအကျိုးပေးမည်။

# အားကစား

## ဘောလုံး အကယ်ဒမီ မေလ တတိယပတ် ဖွင့်မည်

မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ်နှင့် ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်တို့ ပူးပေါင်းဆောင်ရွက်ခဲ့သော မန္တလေးမြို့ရှိ ဘောလုံး အကယ်ဒမီကို မေလ တတိယပတ်တွင် ဖွင့်လှစ်ရန် စီစဉ်ထားကြောင်း အဆိုပါ ဘောလုံးအကယ်ဒမီမှ ကျောင်းအုပ်ကြီး ဦးစိုးညွန့်က ပြောကြားသည်။ ၁၅ ဧက ကျယ်ဝန်းသည့် ဘောလုံးအကယ်ဒမီတွင် သုံးထပ်ဆောင် ပါရှိပြီး ဘောလုံး အသင်း သုံးသင်းစာ နေနိုင်သည့် အဆောင်၊ လူ ၁၂၀ စားသောက် နိုင်သည့် စားဖိုဆောင်၊ မီးဖိုခန်းတို့ ပါရှိသည်။ နည်းပြများအတွက် အဆောင်သီးသန့် ပါရှိပြီး အထူးဧည့်သည်များ အတွက်လည်း သီးသန့်အခန်း ထားရှိသည်။ ထို့ပြင် စာသင်ဆောင်၊ ကာယကြံ့ခိုင်မှု လေ့ကျင့်ဆောင်၊ အစည်းအဝေးခန်းမ စသည်တို့လည်း ပါရှိသည်။ "ဒီအဆောက်အအုံကို ကနဦးက ရောရွှေဝါ ကုမ္ပဏီက တာဝန်ယူခဲ့ပြီး ရေမီး၊ landscaping ပိုင်းတွေကို Max ကုမ္ပဏီက တာဝန်ယူခဲ့ပါတယ်။ ဖွင့်ပွဲရက်ကို မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ်က သတ်မှတ်မယ့် ရက်ကိုပဲ ဖွင့်လှစ်မှာ ဖြစ်ပါတယ်။ ၂၁ ရက်နေ့လို့ပဲ ခန့်မှန်းထားရတာပါပဲ" ဟု ပြောကြားသည်။ အဆိုပါ ဘောလုံး အကယ်ဒမီအတွက် ၁၁ နှစ်အောက် အယောက် ၃၀၊ ၁၃ နှစ်အောက် အယောက် ၃၀၊ ၁၅ နှစ်အောက် အယောက် ၃၀၊ ရွေးချယ် ထားပြီးဖြစ်ကာ နိုင်ငံခြား နည်းပြချုပ်တစ်ဦး၊ မြန်မာ နည်းပြသုံးဦးတို့က တာဝန်ယူ သင်ကြားပေးမည့်အပြင် မြန်မာ့ ဘောလုံး လက်ရွေးစင် အဖြစ် မွေးထုတ်ရန် ရည်စူး ဆောင်ရွက်ထားကြောင်း သိရသည်။ အဆိုပါ ဘောလုံးအကယ်ဒမီသည်မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်သိပ္ပံလမ်း တောင်ဘက်၌ တည်ရှိကြောင်း ၂၀၁၀ ခုနှစ် မေလ ၂၁ ရက်နေ့ထုတ် မြန်မာတိုင်း(မ်) ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မြန်မာအမျိုးသမီး ဘောလုံးအသင်းများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဖီဖာမှ အမျိုးသမီး ဘောလုံးကျွမ်းကျင်သူ လာရောက် အကူအညီပေးမည်

မြန်မာအမျိုးသမီး ဘောလုံးအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA)မှ အမျိုးသမီး ဘောလုံးရေးရာ ကျွမ်းကျင်သူ ဂျာမနီနိုင်ငံသူ Mrs. Monika Staab သည် ရန်ကုန်မြို့သို့ မေ ၂၄ ရက်မှ ၃၁ ရက်အထိ လာရောက်ပြီး လိုအပ်သည့် ဆွေးနွေး သင်ကြား ကူညီမှု များ ပြုလုပ်သွားမည် ဖြစ်သည်။ မြန်မာအမျိုးသမီး လက်ရွေးစင် အသင်းများနည်းတူ အမျိုးသမီးအသင်းများကိုလည်း နိုင်ငံတကာ ပြိုင်ပွဲများတွင် အောင်မြင်မှုများ ပြန်လည်ရရှိစေရန် ရေတိုရေရှည်စီမံချက်များ ချမှတ်အကောင်အထည်ဖော်နေသော မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် FIFA ထံသို့ မြန်မာအမျိုးသမီး ဘောလုံးအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပံ့ပိုးမှုများ ပေးရန် ဆက်သွယ် တင်ပြ တောင်းခံ ခြင်းကြောင့် ဂျာမနီ အမျိုးသမီး လက်ရွေးစင် ကစားသမားဟောင်းနှင့် နည်းစနစ် ညွှန်မှူးဟောင်းဖြစ်သူ FIFA Women Football Instructor Mrs. Monika Staab အားယခုကဲ့သို့ မြန်မာနိုင်ငံသို့ စေလွှတ်ခြင်းဖြစ်သည်။ ၂၀၀၇ ခုနှစ်ကလည်း မြန်မာနိုင်ငံသို့ လာရောက်ဖူးသည့် Mrs. Monika Staab သည် ရန်ကုန်မြို့၌ ရောက်ရှိနေစဉ်အတွင်း မြန်မာ့ လက်ရွေးစင် အမျိုးသမီးအသင်း၊ လူငယ် လက်ရွေးစင်အသင်းနှင့် အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်တက္ကသိုလ် လက်ရွေးစင်အသင်းများ၏ လေ့ကျင့် ပြင်ဆင်မှုများ၊ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုအခြေအနေများကိုစစ်ဆေးကြပ်မတ် အကြံပြုမှုများ ပြုလုပ်သွားမည့်အပြင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့်လည်း မြန်မာ့အမျိုးသမီး ဘောလုံးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည့်အချက်အလက်များကို ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်မည် ဖြစ်ကြောင်း ၂၀၁၀ ခုနှစ် မေလ ၂၀ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ဖော်ပြထားပါသည်။

## မြန်မာမျိုးဆက်သစ် လူငယ် ဂေါက်သီးသမားများ နိုင်ငံတကာ ပြိုင်ပွဲများသို့ သွားရောက် ယှဉ်ပြိုင်လျက်ရှိ

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၃ ခုနှစ်(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ဂေါက်သီးအားကစားဖြင့် နိုင်ငံ့ဂုဏ် မြှင့်တင်ပေးနိုင်ရေး ရည်မှန်းချက်ဖြင့် မြန်မာမျိုးဆက်သစ် လူငယ်ဂေါက်သီး အားကစား သမားများအား နိုင်ငံတကာပြိုင်ပွဲများသို့ စဉ်ဆက်မပြတ် စေလွှတ်ယှဉ်ပြိုင်စေလျက် ရှိသည်။ မေလ ၁၄ ရက်မှ ၁၆ ရက်အထိမလေးရှားနိုင်ငံ Seremban International Golf Club ၌ကျင်းပသည့် 27th Men & 19th Ladies Amateur Open ဂေါက်သီးချန်ပီယံရှစ် ပြိုင်ပွဲသို့ နေဗလဝင်းမြင့်၊ ရန်မျိုးအေးနှင့် ယဉ်မေမျိုးတို့ပါဝင်သော ဂေါက်သီးအားကစားအဖွဲ့သည်လည်းကောင်း၊ မေ ၂၀ ရက်မှ ၂၃ ရက်အထိမလေးရှားနိုင်ငံ Damai Laut Golf & Country Club တွင်ကျင်းပမည့် 108th Malaysian Amateur Open ဂေါက်သီးချန်ပီယံရှစ် ပြိုင်ပွဲသို့ ဦးစိုးကျော်နိုင်နှင့်ဦးဆန်းထွန်းတို့ဦးဆောင်ကာကစားသမားများအဖြစ် နေဗလဝင်းမြင့်၊ရန်မျိုးအေး၊ စိုးမိုးဝင်း၊ ယဉ်မေမျိုး၊ မောင်မောင်ဦးနှင့် ရဲထက်အောင်တို့ ပါဝင်သော အဖွဲ့သည် လည်းကောင်း၊ မေ ၂၅ ရက်မှ ၂၇ ရက်အထိ မလေးရှားနိုင်ငံ Saujana Golf & Country Club တွင် ကျင်းပမည့် Kurina Saujana Amaterur Open Golf Championships 2010 ပြိုင်ပွဲသို့ သွားရောက် ယှဉ်ပြိုင်ကြမည် ဖြစ်သည်။ မေ ၁၄ ရက်မှ ၁၆ ရက်အထိ မလေးရှားနိုင်ငံ Seremban Internat -ional Golf Club ၌ ကျင်းပသည့် 27th Men & 19th Ladies Amateur Open ဂေါက်သီး ချန်ပီယံရှစ် ပြိုင်ပွဲ၌ မယဉ်မေမျိုးက (၇၄)ချက်၊ (၇၆)ချက်၊ (၇၄)ချက် စုစုပေါင်း (၂၂၄) ချက်ဖြင့် ပထမဆုရရှိခဲ့ကြောင်း ၂၀၁၀ ခုနှစ် မေလ ၁၉ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ဖော်ပြထားပါသည်။

## ၂၀၁၀ ခုနှစ် အာရှဖလား အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဝင်ရန် မြန်မာအသင်း တရုတ်နိုင်ငံသို့ ထွက်ခွာ

၂၀၁၀ ခုနှစ် အာရှဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲဝင်ရန် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် ၁၇ရက်နေ့က လေကြောင်းခရီးဖြင့် ပြိုင်ပွဲကျင်းပမည့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ ထွက်ခွာသွားကြပြီ ဖြစ်သည်။ မေ ၁၉ ရက်မှ ၃၀ ရက်အထိ ကျင်းပမည့် အဆိုပါ ပြိုင်ပွဲတွင် မြန်မာအသင်းသည် အုပ်စု(က)၌ပါဝင်ပြီး မြောက်ကိုရီးယား၊ဂျပန်၊ ထိုင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေရာ မေ ၂၀ ရက်တွင် ဂျပန်အသင်း၊ မေ ၂၂ ရက်တွင် မြောက်ကိုရီးယားအသင်းနှင့် မေ ၂၄ ရက်တွင် ထိုင်းအသင်းတို့ နှင့် အုပ်စုပွဲစဉ်များအဖြစ် ယှဉ်ပြိုင် ကစားကြမည် ဖြစ်သည်။ အုပ်စု(ခ)တွင် အိမ်ရှင်တရုတ်၊ တောင်ကိုရီးယား၊ သြစတြေးလျနှင့် ဗီယက်နမ်တို့ ပါဝင်ပါသည်။ မြန်မာအသင်းမှာ ထိုင်းနှင့် ဗီယက်နမ်တို့ နည်းတူ ခြေစစ်ပွဲ ယှဉ်ပြိုင်ကစားခဲ့ရပြီး ယင်းခြေစစ်ပွဲတွင် ဂျော်ဒန်ကို သုံးဂိုး - ဂိုးမရှိ၊ တရုတ်(တိုင်ပေ)ကို ငါးဂိုး-နှစ်ဂိုးတို့ဖြင့် နိုင်ကာအုပ်စုပထမဖြင့် ယခုပြိုင်ပွဲသို့ဝင်ခွင့် ရရှိခဲ့ခြင်းဖြစ်သည်။မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းတွင် နည်းပြချုပ် ဦးအေးကြူကြီး၊ လက်ထောက်နည်းပြ ဦးမျိုးမြင့်ထွေး၊ ဂိုးနည်းပြ ဦးမျိုးချစ်၊ အုပ်ချုပ်သူ ဒေါ်မြတ်မြတ်ဦး၊ အသင်းဆရာဝန် ဒေါက်တာခင်စောရီနှင့် ကစားသမားအဖြစ် ဂိုး- မေခင်ယမင်း၊ သင်းသင်းစိုး၊ နောက်တန်း- မြင့်မြင့်အေး၊ စန်းစန်းမော်၊ စန်းစန်းသိန်း၊ နန်းနှင်းနှင်းထွေး၊ နေဇာလင်းလင်းအောင်၊ မိုးမိုးဝါ၊ အလယ်တန်း- သူဇာထွေး၊ စန်းယုနိုင်၊ အေးနန္ဒာလှိုင်၊ သန်းသန်းထွေး၊ အေးအေးမာ၊ သန္တာမိုး၊ ခင်မိုးဝေ၊ ရှေ့တန်း- မိုင်နီလာထွေး၊ မာဂရက်မေရီ၊ ခင်မာလာထွန်း၊ ရီရီဦးနှင့် နော်အေးလိုဝါးဖောစသည့်ကစားသမား(၂၀)ဦး လိုက်ပါ သွားကြောင်း ၂၀၁၀ ခုနှစ် မေလ ၁၉ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြထားပါသည်။

# အနုပညာ

## ကျွန်တော့်ဘဝကို အနုပညာနဲ့ပဲရပ်တည်ချင်တယ်ဆိုတဲ့ ထက်နေကြည်

ဝါသနာကို အရင်းခံပြီး ကြိုးစားမှုကြောင့် ပရိသတ်အားပေးမှုရရှိလာခဲ့တဲ့ ထက်နေကြည်ရဲ့ အနုပညာခြေလှမ်း ဘယ်လောက်လှမ်းနိုင်ပြီလဲဆိုတာ သူနဲ့တွေ့တုန်း မေးကြည့်ခဲ့တော့ "တစ်ကိုယ်တော်အခွေအားလုံးပြီးသွားပါပြီ။ ရုပ်လပိုင်းအကုန်လောက် ထွက်နိုင်ဖို့ မှန်းထားပါတယ်။ Title ကိုတော့ နေရောင်ခြည်ရဲ့အချိန်လို့ ပေးထားပါတယ်။ ဒီစီးရီးမှာ Modern Rock အပျော့လေးတွေဆိုထားပါတယ်။ ပရိသတ်လက်ခံချင်မယ့်ပုံစံလေးတွေ ကြိုးစားပြီး လုပ်ထားတာပေါ့နော်။ ကျွန်တော့်အတွက် ဂီတလောက အတွေ့အကြုံကတော့ ဘယ်အရာမှ လွယ်လွယ်ကူကူနဲ့ မဖြတ်သန်းရဘူးပေါ့ဗျာ။ ကျွန်တော့်အနေအထားနဲ့ တော်တော်ရုန်းကန်ရပါတယ်။ ကျွန်တော့အတိုင်းအတာနဲ့ကျွန်တော် အခက်အခဲတွေအများကြီးရှိခဲ့ပါတယ်။ ဒီအခြေအနေနဲ့ တစ်ကိုယ်တော်ခွေလေးကို ကြိုးစားပြီးလုပ်ထားပါတယ်။ ဒီဂီတခရီးလမ်းမှာ ဆက်လျှောက်နိုင်အောင် ကြိုးစားနေတာပါ"လို့ ဆိုပါတယ်။ တစ်ကိုယ်တော်စီးရီးခွေလုပ်နေရင်း၊ အပြင်ပွဲတွေမှာလဲ ဆိုဖြစ်ပါသတဲ့၊ နောက်တစ်ခုကရုပ်နှစ်မြောက် City FMအခွေမှာလည်း တေးရေးမင်းချစ်သူရဲ့ ခေါ်ယူမှုနဲ့ ပါဝင်သီဆိုခွင့်ရလို့ ဝမ်းသာဂုဏ်ယူမိပါသတဲ့။ "ကျွန်တော့်ဘဝမှာ အနုပညာလုပ်ရင်းနဲ့ပဲ ရပ်တည်ချင်တယ်။ ဒီအတွက် ကြိုးစားနေတယ်။ ကျွန်တော်သာ ပရိသတ်လက်မခံဘူး၊ အဆိုရှင်တစ်ယောက်မဖြစ်ခဲ့ရင် ပြည်ပမှာ အလုပ်လုပ်ဖြစ်နေလိမ့်မယ်။ ဒါပေမဲ့ခုတော့ ပရိသတ်လက်ခံလို့ ဒီလမ်းကြောင်းပေါ်ရောက်ခဲ့တာပါ"လို့ ရင်တွင်းခံစားချက်တွေ ပြောပြခဲ့ပါတယ်။ ထက်နေကြည်ကတော့ ဂီတလောကမှာ လောကမှာ လေ့လာမှုတွေ၊ သင်ယူမှု၊ ကြိုးစားမှုတွေနဲ့ ဆက်လက်လျှောက်လှမ်းနေဆဲပါပဲ။
(၂၀၁၀ခုနှစ် ဇူလိုင်လ ၂၂ရက်နေ့ထုတ် ရန်ကုန်တိုင်း(မ်)ဂျာနယ်)

## သူနဲ့ပတ်သက်ပြီး စိတ်ချမ်းသာရလို့ ပြည့်စုံတယ်လို့ ခံစားရပါတယ်ဆိုတဲ့ သံသာဝင်း

တေးသီချင်းအတွက်လည်း ကြိုးစားပြီးအာရုံစိုက်လုပ်နေတဲ့ သံသာဝင်းရဲ့ တတိယစီးရီးကတော့ ဒီနှစ်ကုန်ပိုင်းမှာ နားဆင်ရတော့မှာပါ။ ဒါပေမဲ့ သူမသီချင်းတွေ နားမထောင်ရသေးခင် ချစ်သူနဲ့အဆင်ပြေနေတဲ့ သူမရဲ့ အချစ်နဲ့ပတ်သက်တဲ့အကြောင်းလေးတွေ ပရိသတ်သိအောင် ပြောပြခဲ့ပါတယ်။

မေး။ ။ သံသာဝင်း လတ်တလောလုပ်ဖြစ်နေတဲ့ အနုပညာလှုပ်ရှားမှုတွေ ပြောပြပေးပါဦး။

ဖြေ။ ။ ဂီတနဲ့ ပတ်သက်ပြီး မသံသာရဲ့ တတိယစီးရီးလေးက နှစ်ကုန်မှာထွက်နိုင်ဖို့အတွက် အခု အသံတွေသွင်းနေတယ်။ ကျန်တာတော့ မဂ္ဂဇင်းခါတ်ပုံတွေ ရိုက်ဖြစ်နေပါတယ်။

မေး။ ။ တတိယစီးရီးမှာ ဘယ်လိုသီချင်းလေးတွေ လုပ်ထားပါသလဲ။

ဖြေ။ ။ တတိယစီးရီးမှာ မသံသာ Pop ထဲက ပုံစံလေးတွေ လုပ်ထားပါတယ်။ ဒါပေမဲ့ Music ပိုင်းနည်းနည်းပြောင်းထားတယ်။ အရမ်းကြီးတော့ ကွဲထွက်မထားဘူးပေါ့နော်။ မသံသာဆိုတဲ့ ပုံစံထဲကပဲပေါ့နော်။ အနေးလေးတွေရော၊ အမြန်လေးတွေပါ ထည့်ထားပါတယ်။ ဒီစီးရီးထဲမှာပဲ အာရုံစိုက်ထားတော့ ပြည်ပခရီးတွေတောင် ဒီနှစ်ကုန်ပိုင်းလောက်ထိ မထွက်ဘူးလို့ စဉ်းစားထားတယ်။ ဒီအခွေလေးကို အပြီးသတ်လုပ်ချင်တယ်။ ဒီနှစ်ကုန်ပိုင်းမှာတော့ ပရိသတ်ကို မသံသာရဲ့ စီးရီးလေးကို သေချာအောင်ပေးနိုင်တော့မယ်။

မေး။ ။ အခုလို ဂီတဘက်မှာလည်း အချိန်ပေးကြိုးစားပြီး လုပ်ဖြစ်နေတဲ့ မသံသာဘဝအတွက်ရော ဘာတွေ စဉ်းစားထားပြီးပြီလဲဆိုတာ ပြောပြပေးပါဦး။

ဖြေ။ ။ လောလောဆယ်တော့ သီချင်းဘက်ကိုပဲ အာရုံပြန်စိုက်ထားတယ်။ ကျန်ခဲ့တဲ့နှစ်တွေကဆိုရင် ပညာရေးဘက်ကိုပဲ လုပ်ဖြစ်နေခဲ့တယ်။ ဂီတဘက်ကို လျှော့ထားခဲ့တာပေါ့နော်။ အခုကတော့ ထွက်မယ်ထွက်မယ်ပြောနေခဲ့တဲ့အတွက် ထပ်ပြီးအဆက်မပြတ်အောင် စီးရီးကိုပဲ လုပ်ဖြစ်နေပါတယ်။

မေး။ ။ အခွေမထွက်နိုင်ဘဲ ကြာနေတာက ပညာရေးကြောင့်အပြင် တခြားပြင်ဆင်မှုတွေကြောင့်များလား။

ဖြေ။ ။ ဟုတ်ပါတယ်။ မသံသာသီချင်းတွေကို ရွေးနေတာလဲပါတယ်။ တစ်ပုဒ်ချင်းစီကောင်းအောင်လို့ ရွေးနေတာပေါ့နော်။ ဒါကို သေသေချာချာလေး ကြိုးစားထားပါတယ်။

မေး။ ။ မသံသာရဲ့ ဘဝလက်တွဲဖော်ဖြစ်တဲ့ အနဂ္ဂနဲ့ ဘယ်တော့လောက် ဘဝခရီးအတူလျှောက်လှမ်းမယ်လို့ ရည်ရွယ်ထားပါသလဲ။

ဖြေ။ ။ မသံသာ ဂီတတွေလုပ်ပြီးရင်တော့ ဒီဘက်ကိုလှည့်မှာပါ။ မသံသာအနေနဲ့ သေချာတဲ့အချိန်ကိုတော့ ပြောမှာပါ။ ခုချိန်မှာ မသေချာဘဲပြောမိလိုက်ရင် စကားတစ်ခုပဲ အဖတ်တင်သွားမှာစိုးလို့ပါ။

မေး။ ။ ဒီအချိန်က မသံသာအတွက် စိတ်ချမ်းသာရတဲ့အချိန်လို့ ပြောရမလား။

ဖြေ။ ။ ဟိုတုန်းကတော့ စိတ်ဆင်းရဲခဲ့ရတယ်လို့တော့ မဆိုလိုဘူးပေါ့နော်။ ဒါပေမဲ့ ခုချိန်မှာ မသံသာကိုယ့်ဘာသာကိုယ် ပြည့်စုံတယ်လို့ ခံစားရပါတယ်။

မေး။ ။ မသံသာ ပရိသတ်ကို ဘာများပြောချင်ပါသလဲ။

ဖြေ။ ။ ပရိသတ်ကို မသံသာပြောချင်တာကတော့ မသံသာရဲ့ ထွက်ရှိလာမယ့် အခွေလေးကို အားပေးကြပါလို့၊ ဒါလေးကိုလည်း သေချာအာရုံစိုက်ပြီးလုပ်နေပါတယ်လို့။
(၂၀၁၀ခုနှစ် ဇူလိုင်လ ၂၂ရက်နေ့ထုတ် ရန်ကုန်တိုင်း(မ်)ဂျာနယ်)

## အိမ်ထောင်ရေးအစီအစဉ်နှင့်ပတ်သက်၍ အချိန်အတိအကျအသိပေးမည်ဟု အိန္ဒြာကျော်ဇင်ပြောကြား

နာမည်ရ သရုပ်ဆောင် မင်းသားတစ်ဦးနှင့် လက်ထပ်တော့မည် ဟူသော သတင်းစကားများ ထွက်ပေါ်နေသော သရုပ်ဆောင် အိန္ဒြာကျော်ဇင်က သူမ၏အိမ်ထောင်ရေး အစီအစဉ်နှင့်ပတ်သက်၍ အချိန် အတိအကျ အသိပေးမည်ဟု ပြောကြားခဲ့ပါသည်။ " မအုဝဲ အခုချိန်မှာ အချစ်ရေးက အရမ်းနွေးနွေးထွေးထွေး ရှိနေပါတယ်။ အိမ်ထောင်ရေးဆိုတာက အိမ်ထောင်ရေးကံဆိုတာမျိုး ရှိသေးတယ်လေ။ ဒီချိန်မှာ အိမ်ထောင်ကျတဲ့ကံ မပါသေးဘူးဆိုရင် ဘယ်လိုပဲ လုပ်ယူလုပ်ယူ မဖြစ်သေးဘူး။ ဘယ်လိုပဲ မလိုချင်သေးပါဘူး ပြောပြော အိမ်ထောင်ကျရမယ့် ကံပါလာပြီဆိုရင် အလိုလိုနေရင်း အခြေအနေတွေ အားလုံးက လှုံ့ဆော်ပြီး အလိုလိုကို ဖြစ်သွားတာ။ လောလောဆယ်ကြီး အစီအစဉ်မျိုး တော့ မဟုတ်သေးပါဘူး"ဟု အိန္ဒြာကျော်ဇင်က ပြောပြခဲ့သည်။ အိမ်ထောင်ပြုပြီးနောက်တွင် အနုပညာလှုပ်ရှားမှုများနှင့် ပတ်သက်၍လည်း အိန္ဒြာကျော်ဇင်က "ဒီနေ့ဒီအချိန်အထိ အနုပညာအလုပ်တွေ လုပ်လာခဲ့တဲ့ သက်တမ်းလည်း နည်းတော့တာမဟုတ်ဘူး။ လုပ်ခဲ့တဲ့ အန ပညာအလုပ်တွေ ဆိုတာလည်း မနားမနေ မမောမပန်းဘဲနဲ့ကို နေ့စဉ်ရက်ဆက် လှုပ်ရှားလာခဲ့တာ။ အဲဒီအခါ မအုဝဲအနေနဲ့ နောက်ထပ်ဘဝတစ်ခုကို ဖန်တီးတော့မယ်ဆိုတဲ့အချိန်မှာ နည်းနည်းလေးတော့ အပြောင်းအလဲ လေးရှိသွားနိုင်ပါတယ်။ အိမ်ထောင်အတွက်ကို အချိန်ပေးရတာမျိုးတွေ ရှိလာမှာပါ"ဟု ဆက်လက်ပြောပြခဲ့သည်။ အိန္ဒြာကျော်ဇင်သည် သူ၏ မင်္ဂလာအစီအစဉ်အတွက် ပရိသတ်များ အား ကြိုတင်၍ အချိန်အတိအကျ အား ထုတ်ပြန်ပေးသွားမည်ဖြစ်ပြီး လတ်တလောတွင်မူ ထုတ်ပြန်နိုင်ခြင်း မရှိသေးဟု သိရသည်။ အိန္ဒြာကျော်ဇင် လက်တွဲမည့်သူသည် သတင်းစကား အချို့ထွက်ပေါ်နေသော သူ၏အနုပညာ လုပ်ဖော်ကိုင်ဘက် နာမည်ရမင်းသားတစ်ဦး ဖြစ်ကြောင်း သိရှိရသည်။(၂၀၁၀ခုနှစ် ဇူလိုင်လ ၂၁ရက်နေ့ထုတ် Weekly Eleven ဂျာနယ်)